## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၉၉)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့်ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊

**စာမျက်နှာ ၁၇ ကော်လံ ၃** ☆





**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်း ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း ।

E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊

Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်)

# လူတိုင်းသတိထားရမည့်ကျန်းမာရေး

ယခုကာလသည် မိုးရာသီသို့ရောက်ရှိလာပြီဖြစ်သည့်အတွက် မိုးရာသီတွင်ဖြစ်ပွားတတ်သော တုပ်ကွေး၊ အအေးမိ၊ နှာစေး၊ ဖျားနာ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများမှာ လူတိုင်းတွင်ဖြစ်ပွားနိုင်သကဲ့သို့ ကလေးငယ်များတွင်လည်း သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားတတ်သည်။ ရာသီတုပ်ကွေးနှင့်အတူ တစ်ကျော့ပြန်ကိုဗစ်-၁၉ ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ဆင်တုပ်ကွေးရောဂါများလည်းဖြစ်ပွားလာသည်။ ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာနှင့်အဝန်းတွင် လုံးဝပျောက်ကွယ်သွားခြင်းမရှိသေးဘဲ တစ်ကျော့ပြန်ဖြစ်ပွားလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း အနည်းငယ်ရှိနေသေးသည်။ ဇူလိုင်လ ၁၄ ရက် ည ၈ နာရီမှ ၂၁ ရက်ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၀ ဦးတွေ့ရှိကြောင်းသိရှိရသည်။

မိုးရာသီကာလသည် ကျန်းမာရေးအတွက်အထူးသတိထားရမည့်ကာလဖြစ်သည်။ ရေတွင်းရေကန်များတွင်ရေလျှံမှုများကြောင့် မသန့်ရှင်းသောရေသောက်သုံးရခြင်း၊ ယင်နားစာစားသုံးမိခြင်းက ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်စေသည်။ ထို့ပြင် ခြင်ပေါက်ပွားမှုများလာခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါနှင့်ဆင်တုပ်ကွေးရောဂါများဖြစ်ပွားစေသည်။ ရာသီတုပ်ကွေးရောဂါကြောင့် နှာစေး၊ ချောင်းဆိုး၊ ဖျားနာခြင်း၊ ပြင်းထန်စွာအဆစ်အမျက်ကိုက်ခဲခြင်း၊ ကြွက်သားနာကျင်ခြင်းများကိုခံစားရသည့်အပြင် နောက်ဆက်တွဲအနေဖြင့် အဆုတ်ရောင်ခြင်းကြောင့် မောပန်းခြင်း၊ အောက်ဆီဂျင်ကျလာခြင်းအထိဖြစ်ပွားနိုင်သည်။ ကလေးငယ်များတွင်သွေးလွန်တုပ်ကွေးရောဂါကြောင့် အစာလမ်းကြောင်းသွေးယိုစီးခြင်း၊ သွေးပေါင်ကျပြီး သွေးလန့်ခြင်း၊ သွေးဆိပ်ပြန့်ခြင်းအထိဖြစ်ပွားနိုင်ပြီး အခန့်မသင့်ပါက အသက်ဆုံးရှုံးနိုင်သည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်နေချိန်တွင် ရေဓာတ်ဆားဓာတ်များဆုံးရှုံးနိုင်သောကြောင့် သေချာစွာဆေးကုသမှုခံယူကြရမည်ဖြစ်သည်။ သို့မဟုတ်ပါက သွေးလန့်ကာ ရုတ်တရက်ကျောက်ကပ်ပျက်စီးနိုင်သည်။

အအေးမိဖျားနာခြင်းမှကာကွယ်နိုင်ရန် မိုးရေထဲသွားပါက ထီး၊ မိုးကာများဆောင်ထားသင့်သကဲ့သို့ မိုးသည်းထန်စွာရွာသွန်းနေချိန်တွင် အဆောက်အအုံအတွင်း၌သာနေထိုင်သင့်သည်။ မိုးရေစိုပါက မိမိကိုယ်ကိုခြောက်သွေ့အောင်ပြုလုပ်ခြင်း၊ အဝတ်ခြောက်များအမြန်လဲလှယ်ခြင်း၊ ရေနွေးပူပူ၊ ကော်ဖီပူပူ သောက်သုံးခြင်းဖြင့် အမြန်နွေးထွေးအောင်ပြုလုပ်သင့်သည်။ နှာစေး၊ ချောင်းဆိုးပါက Paracetamol၊ Cetirizine စသောအိမ်သုံးဆေးများသောက်သုံးသင့်သည်။ ကလေးများတွင်ဖျားပြီးနောက် အညိုရောင်အန်ခြင်း၊ ဝမ်းအမည်းသွားခြင်း၊ ဗိုက်နာခြင်း၊ မှိန်းခြင်းများဖြစ်ပွားလာပါက သွေးလွန်တုပ်ကွေးသွေးလန့်လက္ခဏာဖြစ်နိုင်သဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများသို့အမြန်ဆုံးသွားရောက်ပြသသင့်သည်။

ရာသီတုပ်ကွေးနှင့်တစ်ကျော့ပြန် ကိုဗစ်-၁၉ ရောဂါများဖြစ်ပွားခြင်းမရှိစေရန် နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လက်ကိုစနစ်တကျဆေးကြောခြင်းတို့အပြင် လူထူထပ်ရာနေရာများကို တတ်နိုင်သမျှရှောင်ကြဉ်သင့်ကြသည်။ လက်ကိုမကြာခဏဆေးခြင်းဖြင့် မသန့်ရှင်းသောလက်မှတစ်ဆင့်ကူးစက်နိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါများမှလည်းကာကွယ်နိုင်သည်။ သာမန်အားဖြင့် လူတစ်ယောက်တွင်ကိုယ်ခံစွမ်းအားမြင့်မားနေပါက သာမန်ရောဂါများဖြစ်ပွားရန်ခက်ခဲသည်။ ကိုယ်ခံစွမ်းအားမြင့်နေစေရန် အာဟာရပြည့်ဝသောအစာများကို အချိန်မှန်စားသုံးပြီး အိပ်ချိန်ပြည့်ဝရန်လိုအပ်သည်။

မိမိတို့၏အသက်အရွယ်နှင့်ကိုက်ညီသောကိုယ်လက်လှုပ်ရှားမှု အားကစားလေ့ကျင့်ခန်းများကို ပုံမှန်ပြုလုပ်သင့်သည်။ ကျန်းမာရေးမကောင်းလျှင် လူတိုင်းစိတ်သောကဒဏ်ကိုခံစားကြရသည်။ အလွန်ဆိုးဝါးနေလျှင် ဆေးရုံသို့တက်ရောက်ကုသခံကြရသည်။ ထိုအခါ မိမိအတွက်၊ မိသားစုအတွက် လူပင်ပန်း၊ စိတ်ပင်ပန်း၍ငွေကြေးများလည်းကုန်ကျသည်။ ထို့ကြောင့်လူတိုင်းကျန်းမာရေးကို အထူးဂရုစိုက်ကြရမည်ဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုမိုကောင်းမွန်သည့်အတွက် ရောဂါမဖြစ်အောင် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့်နေထိုင်သင့်လှသည်။

ကျန်းမာရေးဆိုးရွားမှုသည် အရွယ်သုံးပါးမရွေးတွင်ဖြစ်ပွားနိုင်သည်။ မိုးနှင့်အတူခြင်များ၊ ယင်များပေါက်ပွားလာမှုမရှိစေရန် တစ်ဦးချင်းမှသည် လူထုအင်အားဖြင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိအိမ်၊ ကျောင်း၊ အလုပ်ရုံပတ်ဝန်းကျင်ရှိ ချုံနွယ်များရှင်းလင်းခြင်း၊ ပိုးလောက်လမ်းများ မပေါက်ပွားစေရေးလုပ်ဆောင်ခြင်း၊ အမှိုက်များစနစ်တကျစွန့်ပစ်ခြင်း၊ ရေမြောင်းများရေစီးရေလာကောင်းရန် ဆောင်ရွက်ခြင်းများပြုလုပ်ကြရမည်ဖြစ်သည်။ ခြင်ဆေးဖျန်းခြင်းများကိုလည်း ကျန်းမာရေးဌာနများကဦးဆောင်၍ ရပ်ကွက်၊ မြို့ရွာများ၌လုပ်ဆောင်ပေးလျက်ရှိသည်။ မသန့်ရှင်းသောရေ၊ မသန့်ရှင်းသောအစားအစာများမှ ရောဂါပိုးကူးစက်ခြင်းမရှိစေရေး ရေကိုစနစ်တကျကျိုချက်သောက်သုံးကြရပေမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည်“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး” ကို ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူတစ်ဦးချင်းကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာဖြင့် လိုက်ပါလုပ်ဆောင်ကြရမည်ဖြစ်သည်။ မိုးတွင်းကာလ မိုးရာသီတွင်အဖြစ်များသောရောဂါများမှာ နှစ်စဉ်ကြုံတွေ့ရသည်များဖြစ်၍ ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ခြင်းဖြင့်အနိုင်ယူကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

နေပြည်တော်၊ လူမှုရေး

## ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းမြောက်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာခြည်မွန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဇလောင်းမြောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုအခြေအနေများ၊ စင်မြင့်ရေစင်တည်ဆောက်နေမှုအခြေအနေများ၊ ရေစက်ရုံတည်ဆောက်နေမှုအခြေအနေများ၊ ခြံစည်းရိုးချိန်းလိတ်ကာရံခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ပေးရန် မှာကြားသည်။

ဇလောင်းမြောက်ကျေးရွာ၌ တွင်းအကျယ် ၄ လက်မ၊ အနက်ပေ ၄၀၀ ရှိသည့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ၅ ပေ၊ အနံ ၅ ပေ၊ အမြင့် ၇ ပေရှိသည့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ အရှည်ပေ ၁၂၀ ရှိသည့် ချိန်းလိတ်ကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁ ဒသမ ၉၂၄ သန်းဖြင့် NTT Construction ကုမ္ပဏီမှတာဝန်ယူ၍ ဇူလိုင်လ ၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**

မနုဖြူ၊ လူမှုရေး

## ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေး

ဧရာဝတီတိုင်းဒေသကြီး မနုဖြူမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်းကို ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းတွင် လင်းလွန်းပင်ကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မနုဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မနုဖြူမြို့နယ်ရုံးမှ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးသက်ကိုဖြိုးနှင့်ဝန်ထမ်းများက လင်းလွန်းပင်ကျေးရွာအုပ်စုတွင်နေထိုင်သည့် ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်း၊ သန်းခေါင်စာရင်းလက်ကမ်းကြော်ငြာများဖြန့်ဝေခြင်း၊ ပိုစတာကပ်ခြင်း စသည်တို့ကိုဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၂၆-၇-၂၀၂၄(သောကြာနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇း၄၅ မြန်မာသံစဉ်ချိုနှားဝင်
၅။ ၉း၁၀ အမျိုးသားရေးတေးကဗျာ
၆။ ၁၀း၂၀ အတွေးအမြင်
၇။ ၁၁း၃၀ မြတ်ဗုဒ္ဓ၏သာသနာ
၈။ ၁၂း၁၅ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၉။ ၁၂း၃၀ မြန်မာသံစဉ်ချိုနှားဝင်
၁၀။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၁။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း -ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား**

**အပိုင်း(၁)**
**သရုပ်ဆောင် ကျော်ဟိန်း၊ မေသန်းနု နှင့်သရုပ်ဆောင်များ**
**ဒါရိုက်တာ စင်ရော်မောင်မောင်**

**MWD Variety Channel**

၁။ ၀၈း၄၈ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၂။ ၁၀း၁၅ ကျန်းမာသောဘဝ
၃။ ၁၁း၄၈ Countries of the World
၄။ ၁၅း၄၉ ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာ
၅။ ၁၆း၂၀ လူငယ်ရှေ့ရေး အတွေးကမ္ဘာ
၆။ ၁၈း၃၉ Wishes For You


မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကွပ်ကဲ) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာမူစနစ်ဖြင့် ပြန်လည်ထုတ်ဝေနိုင်ရေး ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ သာသနာ့တက္ကသိုလ်ကြီးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချစာသင်ရဟန်းတော်များအသုံးပြုလျက်ရှိသည့် ပိဋကသုံးပုံပါဠိတော် အဖွင့်အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်တို့ကို ဆဋ္ဌမူအတိုင်း စာမျက်နှာ၊ စာသားနှင့်စာလုံးရေပြောင်းလဲမှုမရှိဘဲ စာလုံးအနေအထား သန့်ရှင်းသပ်ရပ်မှုရှိသည့် ကွန်ပျူတာစာမူစနစ်ဖြင့် ကျမ်းစာအုပ်တစ်မျိုးလျှင် အုပ်ရေ ၁၀၀၀ စီ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

၂။ စက်တင်ပုံနှိပ်ပြီး ကျမ်းစာအုပ်မှာ ၂ အုပ်၊ ပုံနှိပ်ဆဲမှာ ၆ အုပ်၊ စာသားများစစ်ဆေးဆဲမှာ ၁၇ အုပ်၊ စာမူပြုစုဆဲမှာ ၆ အုပ်ရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျမ်းစာအုပ်မှာ ၂၀ အုပ်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလှူရှင်များအနေဖြင့် ကျမ်းစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀/- (ကျပ်သုံးသောင်း)နှုန်းဖြင့် မိမိတတ်နိုင်သည့် စာအုပ်အရေအတွက်အတိုင်း ပညာပါရမီဖြည့်ဆည်းလှူဒါန်းနိုင်ပါသည်။

၄။ လှူဒါန်းလိုပါက ဦးသောင်းဝင်း(ညွှန်ကြားရေးမှူး)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၇၆၊ ၀၉ ၄၂၀၇၀၁၄၆၃၊ ဦးကျော်လွင်(ညွှန်ကြားရေးမှူး)၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၆၇ ၃၄၀၆၂၃၂၊ ၀၉ ၄၀၀၅၁၆၇၇၇၊ ဦးကျော်မိုး(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁ ၈၆၆၁၂၇၅၊ ၀၉ ၄၀၂၁၈၈၂၁၄၊ ဦးဝင်းသိန်းထွန်း(ညွှန်ကြားရေးမှူး)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ဖုန်း- ၀၂ ၄၀၆၁၁၁၂၊ ၀၉ ၄၂၁၀၀၀၈၄၈၊ ဦးဇော်ဦး(ညွှန်ကြားရေးမှူး)၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၁ ၆၅၁၂၀၉၊ ၀၉ ၂၀၃၈၅၆၃၊ ဦးကျော်လှိုင်(ညွှန်ကြားရေးမှူး)၊ မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၂ ၄၀၃၆၃၁၂၊ ၀၉ ၂၆၃၉၉၉၀၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာရှိ မီးလောင်ပျက်စီးသွားသော နေအိမ်များအား ပြန်လည်တည်ဆောက်ရေးအလှူငွေပေးအပ်ပွဲ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၂၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ၌ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး မီးလောင်ပျက်စီးသွားသော အိမ်များအား ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၅ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ သာသနာ ၂၅၀၀ ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများနှင့်အလှူရှင်များ၊ ဓမ္မသကျေးရွာရှိ အိမ်ထောင်စုဝင်များတက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာအတွင်း လူနေအိမ်များမီးလောင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်း၍ အနီးပတ်ဝန်းကျင်ကျေးရွာများ၌ တည်ငြိမ်အေးချမ်းနေပြီးဖြစ်သည့်အတွက် ကျေးရွာသူကျေးရွာသားများအနေဖြင့် မိမိတို့နေရပ်သို့သွားရောက်၍ ပြန်လည်အခြေချနေထိုင်နိုင်ရေးလိုအပ်သည်များကို အဘက်ဘက်မှ ဖြည့်ဆည်းပေးနိုင်ရေး အထူးအလေးထားဆောင်ရွက်ပေးခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာရှိ မီးလောင်ပျက်စီးသွားသော နေအိမ် ၃၈၀ လုံးအား ပြန်လည်တည်ဆောက်ရေးအတွက် တစ်အိမ်လျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ငွေကျပ်သိန်း ၃၉၀၀ ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက တစ်အိမ်လျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၁၉၀၀ စုစုပေါင်းငွေကျပ်သိန်း ၃၈၀၀ အား ကူညီရေးအဖွဲ့မှ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကေတုမာလာနှင့် ကူညီရေးအဖွဲ့၊ တာဝန်ရှိသူက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၃၈၀ စုအတွက် ငွေကျပ်သိန်း ၇၆၀၊ ပြည်နယ်ဝန်ကြီးများမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် ၁၀၄၉၅၁၂၈၀၊ အိမ်ထောင်စု ၃၈၀ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၃၈၀၊ စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၇၄၉၃၆၈၀၊ အလှူရှင် ဦးလှထွန်းက အိမ်မိုးသွပ်အတွက် အလှူငွေကျပ်သိန်း ၁၀၀၀၊ အခြားအလှူရှင်များနှင့် ဌာနဆိုင်ရာများက အိမ်ဆောက်ပစ္စည်းများအတွက် စုစုပေါင်း သွပ်ဖိုးလှူဒါန်းငွေကျပ် ၂၂၀၂၈၅၀၀ တို့အား ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဓမ္မသကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံအားပေးနှုတ်ဆက်ခဲ့ကြကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မော်လမြိုင်(ပြန်/ဆက်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ် နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

အလားတူပင် RCC တွင်လည်း ဤနည်းအတိုင်းစမ်းသပ်ရသည်။ RCC စမ်းသပ်မှုတွင် ဓာတုဗေဒဆေးရည်ထည့်သွင်းစမ်းသပ်မှုထပ်တိုးလာသည်။ စမ်းသပ်မှုရလဒ်မှာ သိပ်သည်းမှု၊ အလွှာလိုက်စွဲကပ်မှု၊ ခံနိုင်ရည်အချက်အလက်နှင့် ကွန်ကရစ်စတင်အိပ်ချိန် (Initial Setting Time) နှင့် နောက်ဆုံးအိပ်ချိန် (Final Setting Time) များ ရရှိသည်။

ဤစမ်းသပ်မှုတွင်သုံးသောကြိတ်လုံးမှာ ရှေ့တွင်ဖော်ပြခဲ့ပြီးသည့် Self Propelled Smooth Vibrating Drum Roller (ပြောင်ချောသံဘီးတပ်ကြိတ်စက်တွင် တုန်ခါစက် တစ်ပါတည်းတပ်ဆင်ထားသောကြိတ်စက်မျိုး) ကိုသုံးသည်။ သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လုပ်သားများအားလုံးသည် ဤနမူနာဆောင်ရွက်မှုကြောင့် အတွေ့အကြုံရကြပြီး အမှန်တကယ်သွန်းလောင်းချိန်တွင် အားနည်းချက်များ ပြုပြင်နိုင်သည်။ လုပ်ငန်းလျင်မြန်ချောမွေ့စေသည်။

ပုံမှန်အားဖြင့် ဤလုပ်ငန်းကို Test Slab ဟုခေါ်သည်။ တချို့ကလည်း Full Scale Trial ဟုခေါ်သည်။ အလျားပေ ၂၀၀ ခန့်၊ အကျယ်ပေ ၅၀ ခန့်နှင့် ၃၀၀ မီလီမီတာ အထူ ၁၀ လွှာခန့် စမ်းသပ်ကြသည်။ ၁၀ လွှာအတွက်ခန့်မှန်းခြေ RCC ထုထည်ပမာဏ ကုဗမီတာ ၁၅၀၀ မှ ၂၀၀၀ ခန့်ထိ သုံးရသည်။



**RCC Full Scale Trial Test(Test Slab) ပြုလုပ်နေပုံ (အထက်ပေါင်းလောင်း)**

အထက်ပေါင်းလောင်းတွင်ဆောင်ရွက်ခဲ့သော နမူနာ Test Slab တွင် အလွှာကိုးလွှာနမူနာဆောင်ရွက်ခဲ့သည်။ စမ်းသပ်မှုများကို ၇-၅-၂၀၁၀ ရက်မှ ၂၆-၅-၂၀၁၀ ရက်အထိ ဆောင်ရွက်ခဲ့သည်။

တမံအစစ်တွင် RCC စတင်သွန်းလောင်းသောရက်မှာ ၂၇-၁-၂၀၁၁ ရက်ဖြစ်သည့်အတွက် နမူနာကြိုတင်စမ်းသပ်မှုများကို ရှစ်လခန့်ကြို၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ဤရှစ်လအတွင်း ဓာတ်ခွဲခန်းအဖြေများလည်း ရရှိပြီဖြစ်သည်။ သုံးစွဲမည့်ဓာတုဗေဒဆေးရည်အမျိုးအစားပါဆုံးဖြတ်ပြီးဖြစ်၍ ကြိုတင်ဝယ်ယူစုဆောင်းပြီးလည်းဖြစ်သည်။

**Warm Joint Treatment**

အကယ်၍ RCC သွန်းလောင်းနေဆဲတွင် တစ်စုံတစ်ခုကြောင့် လုပ်ငန်းရပ်နားလိုက်ရသည့်အချိန်သည် သွန်းလောင်းဆဲကွန်ကရစ် စတင်အိပ်ချိန် (Initial Setting Time) အထိ ကြာမြင့်သွားခဲ့လျှင် ကွန်ကရစ်ပြန်လည်သွန်းလောင်းမည်ဆိုပါက သွန်းလောင်းပြီးကွန်ကရစ်မျက်နှာပြင်ကြမ်းစေရန်ပြုလုပ်ပြီးမှ သွန်းလောင်းရသည်။ မျက်နှာပြင်ကြမ်းစေရန် သင့်လျော်သောစက်တစ်စီး၏နောက်တွဲတွင် Iron Brush များတပ်ဆင်ထားသော Roller Brush တပ်ဆင်၍ စက်ဖြင့်လှည့်ပေးပြီး မျက်နှာပြင်ကြမ်းရှလုပ်ပေးခြင်းသာဖြစ်သည်။ ဤသို့ကြမ်းပေးခြင်းကို Warm Joint ဖော်ပေးခြင်းဟုဆိုသည်။

**Cold Joint Treatment**

မည်မျှပင်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားစေကာမူ ရံဖန်ရံခါ သွန်းလောင်းစဉ် လုပ်ငန်းအခက်အခဲဖြစ်၍ သွန်းလောင်းမှုရပ်ဆိုင်းသွားတတ်သည်။ အဆိုပါရပ်နားချိန်သည် သွန်းလောင်းဆဲကွန်ကရစ် Final Setting Time ထိ ကြာမြင့်သွားခဲ့လျှင် ဆောင်ရွက်ဆဲလုပ်ငန်းအားလုံးယာယီရပ်နား၍ ကွန်ကရစ်ခံနိုင်ရည်ရသည်ထိ စောင့်ရတော့သည်။ ရပ်နားပြီး နောက်တစ်ကြိမ်သွန်းလောင်းမည်ဆိုပါက လောင်းပြီးသောကွန်ကရစ်မျက်နှာပြင်ကို ပြန်လည်သန့်ရှင်းရေးလုပ်ရသည်။ မျက်နှာပြင်များ ကြမ်းပေးရသည်။ ခွဲကျောက်များပေါ်ပြီး ကြမ်းလာသည်အထိ ဖိအားပါသောရေ (Water Jet) ဖြင့်ထိုးဆေးရသည်။ ဤသည်ကို Cold Joint ဖော်သည်ဟုဆိုသည်။ နောက်တစ်ကြိမ် ကွန်ကရစ်ဆက်လောင်းပါက အပေါ်အောက်အလွှာချင်းစွဲငြိစေရန်ဖြစ်သည်။

RCC ၏ Initial Setting Time နှင့် Final Setting Time တို့သည် ဓာတ်ခွဲခန်းတွင် ကြိုတင်စမ်းသပ်ရရှိထားပြီးဖြစ်သည်။

Setting Time များ၏စောခြင်း၊ နောက်ကျခြင်းတို့သည် ဖျော်စပ်ချိန်တွင် ရောစပ်ထည့်သွင်းပေးလိုက်သည့် ဓာတုဆေးရည်အမျိုးအစားနှင့် အနည်းအများပေါ်မူတည်သည်။ ကွန်ကရစ်အိပ်ချိန်နောက်ကျစေလိုပါက ပိုထည့်နိုင်သည်။ သို့သော် ဆေးဖိုး (Chemical) စရိတ်တက်မည်။ စီးပွားရေးတွက်ခြေကိုက်မှုနှင့် ပညာရပ်ဆိုင်ရာကို တွဲဖက်စဉ်းစားရသည်။

မည်သည့် Chemical နှင့် သင့်လျော်သည်၊ မည်မျှထည့်သွင်းရမည်ဆိုသည်ကို Test Slab (Full Scale Trial) ပြုလုပ်ပြီးချိန်တွင် စမ်းသပ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ အထက်ပေါင်းလောင်းစီမံကိန်း၏ အတိုင်ပင်ခံနှင့်ကြီးကြပ်မှုအတွက် ငှားရမ်းထားသော ပြည်ပပညာရှင် A F Colenco Consultant က ထပ်ဆင့်ငှားရမ်းတာဝန်ပေးထားသော Mr. MRH Dunstan, Malcolm Dunstan & Associates, Devon, United Kingdom က ဆုံးဖြတ်သည်။

Full Scale Trial စမ်းသပ်သွန်းလောင်းစဉ်က ရရှိခဲ့သောအချက်အလက်များကိုမူတည်ပြီး ဆုံးဖြတ်အသုံးပြုခဲ့သော Chemical နှစ်မျိုးမှာ

- Grace ကုမ္ပဏီမှထုတ်လုပ်သည့် GP-101
- Fosroc ကုမ္ပဏီမှထုတ်လုပ်သည့် Conplast-R တို့ဖြစ်သည်။

RCC သွန်းလောင်းမှုတိုင်းတွင် လုပ်ငန်းခွင်လိုအပ်ချက်အရ Chemical အတိုးအလျှော့ပြုလုပ်၍ ထည့်သွင်းဖျော်စပ်ရသည်။ အမျိုးအစားနှင့် လုပ်ငန်းခွင်အခြေအနေပေါ်မူတည်၍ ရေရောစပ်မှုအလေးချိန်၏ သုည ဒသမ ၆၅ ရာခိုင်နှုန်းမှ သုည ဒသမ ၉ ရာခိုင်နှုန်းအထိ ထည့်သွင်းဖျော်စပ်ရသည်။

RCC တမံတစ်ခုတည်ဆောက်မည်ဆိုလျှင် အောက်ဖော်ပြပါပစ္စည်းကိရိယာများ အထူးပြင်ဆင်ရန်လိုသည်။ Laser Guided Dozer, Vibrating Drum Roller, Vacuum Truck, Moisture Spraying Set, Ice Plant, Crushing Plant, Concrete Mixing Plant, Concrete Conveying Set နှင့် ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်သည်။

အထူးသဖြင့် Concrete Mixing Plant, Crushing Plant, Laser Guided Dozer, Vibrating Drum Roller စသည်တို့မှာ စီမံကိန်းတွင် တစ်စုံတည်းတစ်ခုတည်းရှိ၍မရသည့်ပစ္စည်းများဖြစ်သည်။ နှစ်ခု၊ သုံးခုကို တစ်ပြိုင်နက်သုံးနိုင်လျှင်သုံးသည်။ မလိုသေးလျှင် အရန်ထားသုံးရသည်။

RCC သွန်းလောင်းရာတွင် အတွေ့အကြုံရှိသောဝန်ထမ်းလုပ်သားများ အထူးလိုအပ်သည်။ တခြားတမံအမျိုးအစားတွင် နေ့စဉ် တစ်နေ့တာအလုပ်ချိန်အတွက် လိုအပ်သောဝန်ထမ်းနှင့်လုပ်သားသာရှိရန်လိုအပ်သည်။ သို့သော် RCC တွင် ၂၄ နာရီပတ်လုံး မရပ်မနားလနှင့်ချီ၍ အဆိုင်းဖြင့် အလှည့်ကျလုပ်ငန်းခွင်ဝင်ကြရသည့်အတွက် တာဝန်ချပေးရမည့်အရေအတွက် ပိုများသည်။

အထက်ပေါင်းလောင်း RCC တမံရေအားလျှပ်စစ်စီမံကိန်းတွင် RCC တမံကို ၂၁ ပိုင်း (21 Stages) ခွဲပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှစ၍ သွန်းလောင်းခဲ့ရာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ပြီးစီးခဲ့သည်။ သွန်းလောင်းမှုကာလ ၃၅ လကြာ ဆောင်ရွက်ခဲ့ရသည်။

သွန်းလောင်းလိုက်ရသော RCC ပမာဏမှာ ကုဗမီတာ ၉၅၀၃၀၅ (၃၃၈၁၈၆ ကျင်း) ဖြစ်သည်။ ဖော်ပြခဲ့သည့် 21 Stages ခွဲခြားသွန်းလောင်းနေစဉ် တစ်ကြိမ်နှင့်တစ်ကြိမ်ကြားတွင် လုပ်ငန်းများနားနေခြင်းမဟုတ်ပေ။ Stage တစ်ခုနှင့်တစ်ခုကြားတွင် လိုအပ်သောကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ကြရသည်။ စက်ကိရိယာများ ပြုပြင်ထိန်းသိမ်းမှုလုပ်ရသည်။ Concrete Conveyor Belt Line များ နေရာချထားရသည်။

အထက်ပေါင်းလောင်းစီမံကိန်း RCC သွန်းလောင်းချိန်ကာလများတွင် စက်ကိရိယာချို့ယွင်းမှုများရှိခဲ့၍ Warm Joint များ များစွာဖြစ်ပေါ်ခဲ့သည်။

အလားတူပင် စက်ချို့ယွင်းမှုနှင့်မိုးရွာသွန်းမှုများကြောင့် Cold Joint ဖြစ်ပေါ်မှုများလည်းရှိခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

**ရန်ကုန်၊ အသိပညာပေး**

# ထန်းတပင်မြို့နယ်၌ သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာများ အသိပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား သစ်ပင်စိုက်ပျိုးခြင်းများတွင် ပူးပေါင်းပါဝင်လာစေရန်၊ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးတတ်လာစေရန်နှင့် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးကိုသိရှိနားလည်စေရန်ရည်ရွယ်၍ သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဇူလိုင်လ ၂၅ ရက်တွင် ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ထန်းတပင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက ကျောင်းသား၊ ကျောင်းသူများအား သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများနှင့်ဂေဟစနစ်များအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးခြင်းအခြေခံနည်းစနစ်များကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ဝန်ထမ်းများက သရုပ်ပြရှင်းလင်းခဲ့ကြပြီး ကျောင်းဝင်းအတွင်း ပျိုးပင်များကို ကျောင်းသား၊ ကျောင်းသူများက လက်တွေ့စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



**စင်မင်းထိုက်(ထန်းတပင်)**

ရန်ကုန် ဇူလိုင် ၂၅

# ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး လက်မှတ်ရေးထိုး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူကျောက် ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မစ္စတာ ငုယင်ဖူကျောက် ကွယ်လွန်ခြင်းအတွက် သီရိမင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးတွင်ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲ ၂ နာရီတွင်ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Mr. Ly Quoc Tuan၊ စစ်သံမှူး Mr. Dao Van Duy နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် ဗီယက်နမ်သံရုံးမှ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ကွယ်လွန်ခဲ့ခြင်းအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်း သတင်းစကားအား နှစ်ဦးနှစ်ဖက်အပြန်အလှန်ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

မစ္စတာ ငုယင်ဖူကျောက်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးအဖြစ် ၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

(၁၀၀)

---

နေပြည်တော် ဇူလိုင် ၂၅

# နို့စားနွားမွေးမြူရေးခြံထွက်ထုတ်ကုန်ဆောင်ရွက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေး



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာစီပီမွေးမြူရေးလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူရေးခြံထူထောင်ဆောင်ရွက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက နို့စားနွားမွေးမြူရေးခြံ၏ဆောင်ရွက်ဆဲလုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများကိုဖိတ်ခေါ်၍ Training Program များကို စတင်လုပ်ဆောင်ခဲ့မှု၊ ပြင်ပမှ လေ့လာသူတောင်သူများကို ဖိတ်ခေါ်၍ ၎င်းတို့၏မွေးမြူရေးစနစ်များ ပိုမိုကောင်းမွန်လာစေရေး အကူအညီဆောင်ရွက်ပေးနေမှုများကိုရှင်းလင်းတင်ပြကြပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သော မွေးမြူရေးထွက် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှုများနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးမှာကြားပြီး နို့စားနွားမွေးမြူထားရှိမှု၊ နို့ညှစ်စက်၊ နို့သန့်စင်ပေါင်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Myanmar C.P Livestock Limited တို့အကြား ပညာပေးရေးနှင့် သုတေသနလုပ်ငန်းများပံ့ပိုးမှုဆိုင်ရာ နို့စားနွားမွေးမြူရေးခြံထူထောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာအရ နို့စားနွားမွေးမြူရေးခြံကို မြန်မာနိုင်ငံ၏ စံပြမွေးမြူရေးခြံအဖြစ်တည်ထောင်ရန်၊ နို့စားနွားမွေးမြူရေး ပညာပေးအနေဖြင့် ဦးစီးဌာနမှ လေ့လာရေးလာရောက်သူများကို လေ့လာခွင့်နှင့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခွင့်ပြုရန်၊ အခြေခံကျောင်းများ၌ နို့တိုက်ကျွေးရေးအစီအစဉ်များတွင် နို့စားနွားမွေးမြူရေးခြံမှထွက်ရှိသည့် နို့များဖြင့် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ချက်များဖြင့် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ (၅၀၀)

---

နေပြည်တော် ဇူလိုင် ၂၅

# နေပြည်တော်ကောင်စီ အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့နှင့် အခွန်အခကောက်ခံရရှိသည့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်ကောင်စီ အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့နှင့် အခွန်အခကောက်ခံရရှိသည့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်း၌ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများတက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အခွန်ထမ်းသစ်တိုးချဲ့ဖော်ထုတ်ခြင်း၊ အခွန်လွတ်ကင်းမှုများဖြစ်ပေါ်နေသည့် နယ်ပယ်များကိုရှာဖွေဖော်ထုတ်ခြင်း၊ အခွန်ကောက်ခံသည့်ဌာနများကို လစဉ်တိုးတက်မှုရှိစေရေး၊ ပြေစာအခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံနေသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြေစာအခွန်အမှတ်တံဆိပ် မှန်မှန်ကန်ကန်ကပ်နှိပ်စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက အခွန်အရပ်ရပ်လျာထားချက်များပြည့်မီရေး၊ အခွန်ပညာပေးဆွေးနွေးပွဲများဆောင်ရွက်မှု၊ အခွန်ထမ်းသစ်ဖော်ထုတ်နိုင်ရေးနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

---

၂၅-၇-၂၀၂၄

## ထူးခြားသည့် နေ့ အပူချိန်များ

| | | | |
|---|---|---|---|
| ချောက် | ၃၉ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၆ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| (လေကြောင်းမိုးလေဝသ) | | ရွှေဘို | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | ကန့်ဘလူ | ၃၅ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၅ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၅ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |

---

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၂၆-၇-၂၀၂၄(သောကြာနေ့)

၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၅း၀၀ တော်ဝင်ပန်းလေးသဇင်
၄။ ၁၇း၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၂၁း၂၀ မြန်မာသံစဉ် (ကာလပေါ်)
၆။ ၂၁း၄၀ Love Dictionary

# တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ၊ ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွိပေါ်တို့နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ နှစ်နိုင်ငံဆွေးနွေးမှုများပြုလုပ်





**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ရောက်ရှိစဉ် ဇူလိုင်လ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီက တျန်းချီ (Dianchi) အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာရှိ အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၄)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးမှုတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှုအခွင့်အလမ်းများနှင့် အေးအတူပူအမျှ အသိုက်အဝန်း ဖော်ဆောင်ရေးကိစ္စ၊ အဆင့်မြင့်အရာရှိကြီးများ၏ အပြန်အလှန်ခရီးစဉ်များ ပိုမိုပြုလုပ်သွားရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖော်ဆောင်နိုင်မည့် စီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရေးကိစ္စ၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အပြုသဘော ဆက်လက်ကူညီသွားရေးကိစ္စ၊ မြန်မာ-တရုတ် နယ်စပ်ဒေသ တစ်လျှောက် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုတိုက်ဖျက်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပုံမှန်ပြန်လည်ပြုလုပ်သွားရေးကိစ္စတို့ကို အလေးထားဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟိုင်းကန်းဥယျာဉ်ဟိုတယ် (Haigeng Garden Hotel)၌ တရုတ်ပြည်သူ့ကွန်ဂရက် ယူနန်ပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွိပေါ် ဦးဆောင်သည့် ယူနန်ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဖော်ဆောင်သွားရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် မစ္စတာ ဝမ်ယွိပေါ်က မြန်မာကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်၊ ဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့်နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမ၌ သင်တန်းသူများ၏ လက်တွေ့လေ့ကျင့် သင်ကြားနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ရင်းဘိုင်း၊ ကူးဆိပ်-ငှက်ပျောတော-ထီးစထ-ရှမ်းရွာသစ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် မြိုင်ကြီးငူ နန်းဦးဘေးမဲ့တောရကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဒုတိယမြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တဉာဏိက အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင် (EFI)သင်တန်းများတွင် ဘာသာရပ်အလိုက် သင်ခန်းစာ လက်တွေ့လေ့ကျင့် သင်ကြားနေမှုနှင့် သင်တန်းသားများ၏ နေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးမှူးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့မှဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဘားအံ)နှင့် လူငယ်သင်တန်းကျောင်း (ဘားအံ)တို့သို့ သွားရောက်၍ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့်ဝန်ထမ်းအိမ်ရာများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၀)**

# မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ လေ့လာရေးအဖွဲ့ နေပြည်တော်ရှိ ဆီထွက်ပဲပုပ်မျိုး(၇)မျိုး၏ သုတေသနစမ်းသပ်ကွက်များကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ တာဝန်ရှိသူများပါဝင်သော လေ့လာရေးအဖွဲ့နှင့်အတူ ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ စိုက်ကွင်း၌ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားသည့် သီးနှံအထွက်နှင့် ဆီထွက်ရာခိုင်နှုန်းမြင့်မားပြီး စားသုံးဆီအရည်အသွေးကောင်းမွန်သော ပဲပုပ်မျိုး(၇)မျိုး၏ သုတေသနစမ်းသပ်ကွက်ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီးက စားသုံးဆီကဏ္ဍဖူလုံရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း သုံးဦးသုံးဖလှယ်ပူးပေါင်းဆောင်ရွက်မှုအောက်တွင် တောင်သူကိုယ်တိုင်ပါဝင်သည့် ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်မှုဖွံ့ဖြိုးလာစေရန်ကူညီဆောင်ရွက်ပြီး နေပြည်တော်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်တွင် တောင်သူများ လက်ရှိစိုက်ပျိုးနေကြသည့် ပဲပုပ်မျိုးများဖြစ်သည့် သီပေါ၊ ချင်းမိုင်-၆၀၊ ဗီယက်နမ်ခွံဝါ၊ ရှမ်းဝါလုံးကြီး၊ SB-60၊ ရေဆင်း-၁၄ နှင့် ရေဆင်း-၁၅ စသည့် မျိုးများကို ပေါင်ကြီးတင်စိုက်စနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသုတေသနဌာနစုကွင်း၌ စိုက်ပျိုးထားရှိသည့် ရေဆင်း-၁၅ ပဲပုပ်မျိုး ဆင့်ပွားမျိုးစေ့စိုက်ခင်းနှင့် မျိုးစပ်မွေးမြူထားသည့် သက်လတ်အရည်အသွေးကောင်း ပဲပုပ်မျိုးများဒေသအဆင့်ယှဉ်ပြိုင်ခြင်း စမ်းသပ်ကွက်များကို ကွင်းဆင်းကြည့်ရှုလေ့လာကြပြီး ဒုတိယဝန်ကြီးက တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်သော ပဲပုပ်မျိုးစေ့ထုတ်လုပ်မှုစီမံချက်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ချက်များကို သုတေသီများနှင့် ဌာနတာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၀)**

ရန်ကုန် ဇူလိုင် ၂၅

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ထုတ်ပြန်ခြင်း နှစ်(၇၀)ပြည့်အထိမ်းအမှတ်ဆွေးနွေးပွဲကျင်းပ

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ထုတ်ပြန်ခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ်ဆွေးနွေးပွဲကို ယနေ့နံနက် ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာ တောင်ညွန့်မြို့နယ်ရှိ Wyndham Grand Hotel ၌ ကျင်းပသည်။




ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး မှ သံရုံးယာယီတာဝန်ခံ Ms.Cao Jing နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမဟာဗျူဟာ နှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ကျော်၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းဒေသကြီးပါတီဥက္ကဋ္ဌ ဦးခင် မောင်စိုး၊ မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဒုတိယ ပါမောက္ခချုပ် ဒေါက်တာချောချောစိန်နှင့် နေအုပ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးနေအုပ်တို့ က အမှာစကားအသီးသီးပြောကြားကြပြီး မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ သံမှူး Ms. Qiao Li က နိဂုံးချုပ်အမှာစကားပြောကြား ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။ အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံသည် သံတမန် ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန်လတွင် စတင်ခဲ့ပြီး နှစ်နိုင်ငံငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏နယ်နိမိတ်နှင့် အချုပ်အခြာ အာဏာကို အခြားတစ်နိုင်ငံက လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက် မှုမပြုရန်၊ နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေး ကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက် ခြင်းမပြုရန်၊ တန်းတူညီတူအပြန်အလှန် အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ရန်၊ လူမှုစနစ်မတူညီသည့်နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်ဟူသည့် မူကြီး(၅)ရပ်ကို ထိုစဉ်က နှစ်နိုင်ငံဝန်ကြီးချုပ် များက ၁၉၅၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်းမှ ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

နေပြည်တော် ဇူလိုင် ၂၅

# လျှပ်စစ်သုံးမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် အားသွင်းစက်များ တင်သွင်းရောက်ရှိ

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက် Midmay Group Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX α S အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ တရုတ်နိုင်ငံ ထုတ် ARCFOX အမျိုးအစားလျှပ်စစ်သုံး ယာဉ်အားသွင်းစက်များနှင့် Myanmar Arr Thit Man Motor Co.,Ltd. မှ တင်သွင်း လာသော တရုတ်နိုင်ငံထုတ် AIMA အမျိုး အစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ သည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူ ခွင့်ပြုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃° C | / | ၂၇.၈° C |
| ရန်ကုန် | ၂၄° C | / | ၃၂.၀° C |
| မန္တလေး | ၂၆° C | / | ၃၇.၅° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဇူလိုင် ၂၅

## မိုးဆက်လက်ပိုနေမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**(မိုး/ဇလ)**

နေပြည်တော် ဇူလိုင် ၂၅

# မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာ မြို့နယ် ခင်လူးကျေးရွာရှိ ရွှေညောင်ပင် နို့စားနွားမွေးမြူရေးသမဝါယမအသင်းသို့ သွားရောက်ပြီး နို့စားနွားမွေးမြူသူအသင်း သားများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် သက်ဆိုင်ရာတာဝန်ရှိသူများ က မိတ္ထီလာခရိုင်အတွင်း သမဝါယမအသင်း များမှ နို့စားနွားနှင့်ဒေသနွားမွေးမြူထားရှိမှု၊ မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်အစာနှင့် ခြံများတည်ဆောက်နိုင်ရေးအတွက် ထောက်ပံ့ ပေးအပ်မည့်အစီအမံများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိတ္ထီလာခရိုင်၊ ရမည်းသင်း ခရိုင်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်တို့ အတွင်း နို့စားနွားနှင့် ဒေသနွားမကောင်ရေ ၅၃၀ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက် ထားရှိမှုနှင့် မိတ္ထီလာမြို့နယ်အတွင်း သမဝါယမအသင်း ခုနစ်သင်းမှ နို့စားနွား ၄၁၂ ကောင်၊ ဒေသနွားမ ၄၂၀ ကောင် တိုးချဲ့မွေးမြူမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီး က မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမ အသင်းရန်ပုံငွေများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် လိုအပ်သည့် မျိုး၊ အစာနှင့် ခြံတည်ဆောက်ခြင်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြား ပြီး နို့စားနွားမွေးမြူသူအသင်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေညောင်ပင်နို့စားနွား မွေးမြူရေး သမဝါယမအသင်းမှ နို့စားနွား မွေးမြူသူ အသင်းသားများကို နို့စားနွား မွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အတွက် အစာစရိတ်နှင့်နွားခြံဆောက်လုပ် ရန် သမဝါယမအသင်းချေးငွေများပေးအပ်ပြီး နို့စားနွားမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေး သည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် ကောင်းထက်စံ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက် နေမှုကိုကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စု ဝန်ကြီးက နို့နှင့်နို့ထွက်ပစ္စည်းများတန်ဖိုးမြှင့် စားသောက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချ နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစုအနေဖြင့် လိုအပ်သော အရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြား၍ အသင်းသားတောင်သူ များ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် လိန်တော ကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်ပို့ချလျက် ရှိသော စက်ချုပ်သင်တန်းမှသင်တန်းသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဝန်ထမ်း များ၏တင်ပြချက်များအပေါ် လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် ရမည်းသင်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက် လျက်ရှိပြီး ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၇၇၉ အိမ်၊ လူဦးရေ ၃၀၀၀ တို့ကို အကျိုးပြု ပေးနိုင်မည့် အင်ကြင်းကန်-အုတ်ဖို-ကြံပင်- ထန်းတော ကျေးရွာချင်းဆက်လမ်းကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ယူဆောင်ရွက်လျက်ရှိသည့် ဇီးဖြူကုန်း ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၀)**

# အကျိုးပြုသောအခါးတစ်မျိုး



အခါးဟူသမျှ လေဓာတ်ကြွ၏ဟူသောစကားရှိသည်။ အာဟာရဗေဒဆေးပညာတွင် အခါးကို လေဓာတ်ကြွစေသည့်အစာဟုယူဆသည်။ တိုင်းရင်းမြန်မာဆေးပညာအခေါ် ဒေသနာနယဆေးပညာတွင်လည်း အခါးဓာတ်သည် ဝါယောဓာတ်နှင့်အာကာသဓာတ်နှစ်မျိုးလွန်ကဲသောအရသာဟု ယူဆသည်။ ထို့ကြောင့် အခါးစားလျှင် လေကြွမည်။ လေတိုးမည်။ တစ်နည်းအားဖြင့် သွေးတိုးနိုင်သည်ဟု ယူဆရပေသည်။

သို့သော် ယခုအခါ ခေတ်ပေါ်ရောဂါတချို့ကို ကြက်ဟင်းခါးသီးစားခြင်းဖြင့် ပျောက်သည်ဟု လူမှုကွန်ရက်စာမျက်နှာတွင် တွေ့ရသည်။ ကြက်ဟင်းခါးသီးကို အရည်ညှစ်သောက်ခြင်းဖြင့် ဆီးချိုရောဂါအမျိုးအစား(၂)ကို သက်သာစေသည်။ အသီးရော အရွက်ပါ ရေရှည်စားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါနှင့် အဖျားရောဂါ၊ အပူလောင်ရောဂါ၊ နာတာရှည်ချောင်းဆိုးရောဂါ၊ အမျိုးသမီးများဓမ္မတာပေါ်ချိန် ကိုက်ခဲသောရောဂါ၊ ငှက်ဖျားရောဂါနှင့်ဗိုင်းရပ်စ်ကြောင့်ဖြစ်သောရောဂါတချို့ (ရေကျောက်၊ ဝက်သက်) စသည်တို့တွင် ဟင်းချက်စားသုံးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း ရေးသားထားသည်ကို တွေ့ရသည်။

အထူးသဖြင့် Bitter Melon ခေါ် ကြက်ဟင်းခါးသီးသည် ဆေးဖက်ဝင်အသီးအနှံတစ်မျိုးဖြစ်ပြီး ဆီးချိုတက်ခြင်းမှ ရပ်တန့်ထားနိုင်သည့်အပြင် ၉၈ ရာခိုင်နှုန်းသော ကင်ဆာဆဲလ်များကို သတ်ပေးနိုင်သည်ဟု ရေးသားထားသည်ကို ဖတ်ရှုရသည်။

ကြက်ဟင်းခါးသီးသည် အလွန်ခါးသဖြင့် အရည်ညှစ်သောက်ရန် အခက်အခဲရှိသော်လည်း ရရှိသောသတ္တုရည်တွင် သကြားခဲ သို့မဟုတ် သကြားဆီ အနည်းငယ်ထည့်၍ သောက်သုံးခြင်းဖြင့် အခါးအရသာဆိုးဆိုးရွားရွားမခံစားရဘဲ သက်သာစေနိုင်သည်။

ကြက်ဟင်းခါးသီးကို ဟင်းအဖြစ်ချက်စားရာတွင် ပုစွန်ခြောက်၊ ဟင်းခတ်မှုန့် စသည်တို့ဖြင့် ပြုပြင်ချက်ပြုတ်ခြင်းဖြင့် စားကောင်းသောဟင်းတစ်ခွက်ဖြစ်နိုင်သည်။ တချို့ကလည်း ကြက်ဟင်းခါးသီးကို ပါးပါးလှီးပြီး အကြွပ်ကြော်စားခြင်းဖြင့် အခါးဓာတ်ပျောက်သွားနိုင်သည်။ ကြက်ဟင်းခါးသီးကို ပါးပါးလှီးပြီးလျှင် ဆားရည်စိမ်ထားပါက အခါးဓာတ်လျော့နည်းစေသည်ဟု သိရသည်။

တောကြက်ဟင်းခါးသီးကို ကျေးလက်ဒေသများတွင် ပို၍စားသုံးကြသည်ကို တွေ့ရသည်။ တောကြက်ဟင်းခါးသီးသည် အလုံးသေးပြီး ချုံနွယ်ကဲ့သို့တွယ်တက်ကာ တောစပ်ကိုင်းပင်များကြားတွင် ပေါက်လေ့ရှိသည်။

> "ရသာခြောက်ပါးစုံအောင်စားမှ ခွန်အားမျှတ၊ ရုပ်ဆင်းလှဟူသောစကားအရ အချိုကြိုက်သူများသည် တစ်ပတ်လျှင် တစ်ကြိမ်ခန့် အခါးစားပေးသင့်သည်။ အခါးအရသာတွင် ထူးခြားသောအခါးအရသာရှိသည့်အသီးအနှံမှာ ကြက်ဟင်းခါးသီးဖြစ်သည်။ ကြက်ဟင်းခါးသီးတွင်ပါဝင်သော ဆူးတောင်ကဲ့သို့အဖုများတွင် ရောဂါပိုးကိုသေစေနိုင်သည့် ထူးခြားသောအာနိသင်များရှိသည်ဟုဆိုသည်. . ."

တောကြက်ဟင်းခါးသီးချက်လျှင် အစေ့များပါစားရသဖြင့် ကြက်ဟင်းခါးသီးအစေ့မှရသော ဆေးဖက်ဝင်အကျိုးကို ခံစားရစေနိုင်သည်။ ကြက်ဟင်းခါးသီးသည် အသီးထက် အစေ့တွင် ပို၍ဆေးဖက်ဝင်အာနိသင်ရှိသည်ဟု တချို့ကယူဆကြသည်။ အခါးကြိုက်သူများမှာ တောကြက်ဟင်းခါးသီးကို ရှာဝယ်လေ့ရှိသည်။

ကြက်ဟင်းခါးသီးနှင့် ဓာတ်မတည့်သောအစာမှာ ဝက်သားဟင်းဖြစ်သည်။ ကြက်ဟင်းခါးသီးချက်နှင့် ဝက်သားဟင်းကို ညစာအဖြစ်စားသုံးပြီး တီဗွီကြည့်နေစဉ် ရုတ်တရက်ခေါင်းမူးသည်ဟုပြောကာ လဲကျသွားပြီး ဦးနှောက်သွေးကြောပေါက်သေဆုံးသွားသူ အသက် ၆၀ ကျော်လူကြီးတစ်ဦးကို တွေ့ရဖူးသည်။

လေစာ နှစ်မျိုးပေါင်းစားခြင်းကြောင့်ဟု ယူဆရသည်။

ရသာခြောက်ပါးစုံအောင်စားမှ ခွန်အားမျှတ၊ ရုပ်ဆင်းလှ၏ဟူသောစကားအရ အချိုကြိုက်သူများသည် တစ်ပတ်လျှင်တစ်ကြိမ်ခန့် အခါးစားပေးသင့်သည်။ အခါးအရသာတွင် ထူးခြားသောအခါးအရသာရှိသည့်အသီးအနှံမှာ ကြက်ဟင်းခါးသီးဖြစ်သည်။ ကြက်ဟင်းခါးသီးတွင်ပါဝင်သော ဆူးတောင်ကဲ့သို့အဖုများတွင် ရောဂါပိုးကို သေစေနိုင်သည့်ထူးခြားသောအာနိသင်များရှိသည်ဟုဆိုသည်။

အချုပ်အားဖြင့်ဆိုရသော် အရသာရှိသောဆိုးဆေးနှင့် ဓာတုဗေဒပစ္စည်းများပါသော ခေတ်ပေါ်အစားအစာများကြောင့်ဖြစ်သည့် ဆီးချိုရောဂါအမျိုးအစား(၂)ကိုကြက်ဟင်းခါးသီးပုံမှန်စားပေးခြင်းဖြင့် ကာကွယ်နိုင်သည်။ ကင်ဆာရောဂါကိုပင် ကာကွယ်နိုင်သည်ဟုဆိုသဖြင့် တစ်ပတ်တစ်ကြိမ်ခန့် ပုံမှန်စားသုံးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကြည်လွင်မြင့်(မုံရွာ)**

သဲကုန်း၊ စိုက်ပျိုးရေး

## သဲကုန်းမြို့နယ်အတွင်းရှိကျေးရွာများ၌ စိုက်ပျိုးထားသော နဂါးမောက်သီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသထွက်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးထားရာ နဂါးမောက်သီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသခံတောင်သူများသည် နဂါးမောက်သီးကို သဘာဝနည်းစနစ်ဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားရာ စိုက်ပျိုးပြီး တစ်နှစ်ခန့်ကြာလျှင် အဖူးအပွင့်များထွက်ကာ သီးကင်းစပြု၍ တစ်လခွဲမှ နှစ်လအကြာတွင် အသီးများဆွတ်ခူးနိုင်သည်။

နဂါးမောက်သီးသည် နှစ်ရှည်သီးနှံဖြစ်၍ အဖြူ၊ အနီ၊ အဝါသုံးမျိုးရှိရာ အပင်မှ အတက်များထွက်လာချိန်နှင့် အသီးသီးချိန်များတွင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများဖြစ်သော ကြက်ချေး၊ နွားချေး၊ ဖွဲပြာ၊ ကြက်ဥခွံများ ကြဲပက်ပေးခြင်းကို ဆောင်ရွက်ပေးရပြီး ရေကြိုက်သောအပင်မျိုးဖြစ်သည့်အပြင် ပူနွေးသောရာသီဥတုကို ကြိုက်နှစ်သက်သဖြင့် နေရောင်ခြည်ကောင်းစွာရရှိသောနေရာများတွင် အောင်မြင်ဖြစ်ထွန်းသည်။

သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော နဂါးမောက်သီးများ ထွက်ရှိရေး၊ မိသားစုစားသုံးရန်နှင့် အပိုဝင်ငွေရရှိရေးအတွက် နဂါးမောက်သီးများ တစ်နိုင်တစ်ပိုင် စမ်းသပ်စိုက်ပျိုးထားကြောင်း၊ နဂါးမောက်သီးဈေးကွက်တွင် အလုံးအရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီးသတ်မှတ်ပြီး ရောင်းချလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

ထားဝယ်၊ အသိပညာပေး

## သစ်ပင်စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးများနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း အသိပညာပေးဟောပြော

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် သစ်ပင်စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးများ၊ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းနည်းစနစ်များနှင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း စသည့်အကြောင်းအရာများ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၄ ရက်တွင် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ထားဝယ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ကိုဦးက ပျိုးပင်များစိုက်ပျိုးရာတွင် ပျိုးအိတ်မြေလုံးမကွဲစေဘဲ စနစ်တကျစိုက်ပျိုးရန်လိုအပ်ပြီး ရှင်သန်ကြီးထွားဖြစ်ထွန်းစေရန် ပေါင်းရှင်း၊ ခါးဆွ၊ မြေတောင်မြှောက်ခြင်း၊ မြေဩဇာကျွေးခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမှသာ တစ်ပင်စိုက် တစ်ပင်ရှင်သန်ပြီး ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရသည့်ရည်ရွယ်ချက်များ အောင်မြင်ပြီး အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က ဒေသတွင်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကို လျှော့ချနိုင်ရန်၊ ရာသီဥတုမျှတမှန်ကန်စေပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဟန့်တားနိုင်ရန် သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရာတွင် ပြည်သူလူထုပူးပေါင်းဆောင်ရွက်လာစေခြင်းဖြင့် သစ်ပင်သစ်တောများ၏ တန်ဖိုးနှင့်သစ်ပင်ချစ်တတ်သည့်အသိစိတ်များ တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဟောပြောရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေဖြူမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းအောင်က သစ်တောများအား ထိန်းသိမ်းကာကွယ်သင့်သည့်အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

ကျောက်ဆည်၊ လူမှုရေး

## ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ဇူလိုင်လ ၂၄ ရက် နံနက်ပိုင်းတွင် နည်းပညာ တက္ကသိုလ်(ကျောက်ဆည်)မှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ သွေးလှူဒါန်းပွဲကျင်းပကြောင်း သိရသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က သွေးလှူခြင်းသည် မွန်မြတ်သောလုပ်ငန်းဖြစ်ကြောင်းနှင့်သွေးလှူဒါန်းရခြင်း၏ အကျိုးကျေးဇူးများ အကြောင်းကို ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့်တာဝန်ရှိသူများက သွေးလှူဒါန်းသည့် ကျောင်းသား၊ ကျောင်းသူများအား ကြည့်ရှုအားပေးပြီး သွေးအလှူရှင်တစ်ဦးချင်းစီအား ကြက်ဥများနှင့်အာဟာရဖြည့်အချိုရည်များ ပေးအပ်သည်။

သွေးလှူဒါန်းရာတွင် သွေးလှူဒါန်းမည့် ကျောင်းသား၊ ကျောင်းသူများအား ခန္ဓာကိုယ်အလေးချိန်ချိန်ခြင်း၊ သွေးပေါင်တိုင်းတာခြင်း၊ သွေးဖောက်စစ်ဆေးခြင်းများပြုလုပ်ပြီး စုပေါင်းသွေးလှူဒါန်းရာ အေသွေး ၁၄ လုံး၊ ဘီသွေး ၁၇ လုံး၊ အိုသွေး ၁၇ လုံး၊ အေဘီသွေး ၄ လုံး စုစုပေါင်း ၅၂ လုံး လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ကျောက်ဆည်(ခရိုင်ပြန်/ဆက်)**

မိတ္ထီလာ၊ လူမှုရေး

## သစ်တောထိန်းသိမ်းရေးနှင့်သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ သစ်တောထိန်းသိမ်းရေးနှင့်သစ်ပင်စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဇူလိုင်လ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်က သစ်တောထိန်းခြင်းလုပ်ငန်းအကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးကိုကိုမောင်က သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၏အကျိုးကျေးဇူးများအား ပရိုဂျက်တာဖြင့် ပြသအသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသအသိပညာပေးပြီး စိန်ပန်းပင်၊ တမာပင်၊ စိန်တံချူပင်၊ ဇာဒံပင်၊ သပြေဘုတပင် အရိပ်ရသစ်ပင်ပန်းမန် စုစုပေါင်း အပင် ၁၅၀ ကို ကျောင်းဝင်းဧရိယာအတွင်း ခရိုင်သစ်တောဦးစီးဌာနနှင့်မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးကြရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်တွေ့ပါဝင်စိုက်ပျိုးကြကြောင်း သိရသည်။

**(၆၀၂)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
  **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## စစ်မှုထမ်းမယ် တို့လူငယ်



➤ လူငယ်ဟူကား
စွန့်စားလိုစိတ်၊ စူးစမ်းစိတ်နှင့်
ခေါင်ထိပ်ထက်မျှ တက်လိုကြ။

➤ လူငယ်ဟူကား
ကြိုးစားလိုစိတ်၊ ဖွဲ့မာန်ဟိတ်နှင့်
လျှံဖိတ်စွမ်းအင် ပြသချင်။

➤ လူငယ်ဟူကား
ရှေ့သွားလိုစိတ်၊ ခေါင်းဆောင်ဟိတ်နှင့်
မဆိတ်ခွန်အား စဉ်တိုးပွား။

➤ ယခုချိန်မှန်၊ တို့နိုင်ငံတွင်
ဘေးရန်နှောင့်ယှက်၊ အဘက်ဘက်က
ဝင်စွက်ဖျက်ဆီး၊ ဝိုင်းဘေးတီးကာ
ဘီးတပ် အဆင်း၊ ရန်ခပင်းကို
နှိမ်နင်းဖို့ရာ တို့ဝန်တာ။

➤ ထို့ကြောင့် အမှန်၊ တိုင်းနိုင်ငံ၏
ရန်ပေါင်းပြိုဆွေး၊ ငြိမ်းချမ်းရေးတွက်
စစ်ရေးပညာ၊ တို့သင်ပါ၍
အခါကြုံလင့်၊ အဆင်သင့်ဟု
အခွင့် စီမံ၊ လူငယ်မာန်နှင့်
ဇောက်နန်မပျက်၊ တို့ထမ်းရွက်သော်
ရှေ့ဆက်တို့ပြည် တည်တံ့မည်။

➤ သြော် . . .
လူငယ်ဖြစ်လာ၊ ငါတို့မှာလျှင်
ကိုယ့်တာဝန်ရှိ၊ သမိုင်းသိနှင့်
ပေးသည့်လုပ်ငန်း၊ စစ်မှုထမ်းကို
ရွှင်လန်းတက်ကြွ၊ ရွက်ထမ်းကြ၍
ကျမည့် အန္တရာယ်၊ ဝိုင်းကာကွယ်ဖို့
မေရယ်ခွင့်ပေး၊ သားအထွေးကို
မနှေးဆောင်ခွင့် ပေးပါသင့်။
အရေးနောင်ဖြင့် တွေးကာချင့်။ ။

**ရွှေလင်းမြေညွှန့်ကိုကို**

နေပြည်တော် ဇူလိုင် ၂၅

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



**ထူးချွန်ဆုရစစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများ သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာစဉ်။**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။



**ထူးချွန်ဆုရစစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ကြည့်ရှုလေ့လာပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။**

ဦးစွာထူးချွန်ဆုရစစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများကို ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုကို ရှင်းလင်းပြောကြားပြီး ထူးချွန်ဆုရစစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများသည် ပြတိုက်အတွင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ ထို့နောက် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးခဲ့ကြကြောင်း သိရသည်။ **(၁၀၀)**

နေပြည်တော် ဇူလိုင် ၂၅

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အဘယာရာမ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၀ ပါးတို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းနှင့်ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

မန္တလေး ဇူလိုင် ၂၅

# မန္တလာတက္ကသိုလ်တွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကျင်းပ

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသောအသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာတက္ကသိုလ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်တို့တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှခ်ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ မန္တလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်စန်းစန်းဝင်းနှင့် အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်း၌ ဆက်လက်ကျင်းပရာ မန္တလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက “ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွားကြစို့” သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး “စာပဒေသာဝေဆာစေမည်” Video Clip ကိုပြသသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်စန်းစန်းဝင်းက စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်းရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လက်ခံရယူသည်။

ဆက်လက်ပြီး စာရေးဆရာမ မေမြတ်လင်း(တိုင်ပင်ဖော်)က မန္တလာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ဆေးဝါးတက္ကသိုလ်တို့အတွက် စာအုပ်များပေးအပ်လှူဒါန်းသည်။

ယင်းနောက် မန္တလာတက္ကသိုလ်မှ အနုပညာအသင်းဝင် ကျောင်းသား၊ ကျောင်းသူများက “ပညာဝေဖြာမန္တလာ” သီချင်းဖြင့် လည်းကောင်း၊ စကားရည်လုပွဲ (final) ယှဉ်ပြိုင်ခြင်း၊ မန္တလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက “ဘက်စုံပညာရည်တို့လှမ်းချီ” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုကျင်းပသည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ မန္တလေးမြို့ရှိ တက္ကသိုလ်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာ၍ ပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများတွင်လည်း ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၂၅

# အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်း အုပ်စု(A)တွင် ကျရောက်

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ပွဲစဉ်များအပြီး အုပ်စုမဲခွဲမှုပြုလုပ်ခဲ့ရာတွင် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်း အုပ်စု(A)တွင် အုပ်စုကျပ်အတွင်းကျရောက်ခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ခွင့်ရရှိခဲ့ပြီး ခြေစစ်ပွဲအဖြစ် ဘရူနိုင်းကလပ် ကာဆူကာအသင်းနှင့် ပထမအကျော့၊ ဒုတိယအကျော့ကစားခဲ့ရာ နှစ်ကျော့ပေါင်း ၄ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ပွဲစဉ်များအပြီး အုပ်စုမဲခွဲမှုပြုလုပ်ခဲ့ရာ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု(A)တွင် ထိုင်းထိပ်တန်းကလပ် BG Pathum United အသင်း၊ မလေးရှားကလပ် Terengganu အသင်း၊ အင်ဒိုနီးရှားထိပ်တန်း PSMအသင်း၊ ဗီယက်နမ်ကလပ် Dong A Thanh Hoa အသင်း၊ ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။

အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ရှမ်းယူနိုက်တက်အသင်းသည် ဩဂုတ်လ ၂၁ ရက်တွင် Dong A Thanh Hoa အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း၊ စင်တင်ဘာလ ၂၅ ရက်တွင် PSM အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် Terengganu အသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဇန်နဝါရီလ ၂၂ ရက်တွင် BG Pathum United အသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဖေဖော်ဝါရီလ ၅ ရက်တွင် Svay Rieng အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း အသီးသီးကစားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဇူလိုင် ၂၅

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ



ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်အနက် လူမှုရေးဦးတည်ချက်(၁)ရပ်ဖြစ်သည့် **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"**အတွက် လိုအပ်သော နည်းပညာမြင့်မားတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝမှုတို့သည် ပညာရေးမြင့်မားခြင်းအပေါ်တွင် မူတည်ပါကြောင်း၊ ထို့ပြင် **"စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာသင်ယူမှု"** သည်လည်း အရေးကြီးကြောင်း၊ စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာသင်ယူနိုင်စေရန် အခြေခံအကျဆုံး Infrastructure သည် စာကြည့်တိုက်များဖြစ်ပြီး **"စာမတတ်သူ ပပျောက်ရေး"** မှသည် **"စာမဖတ်သူ ပပျောက်ရေး"** ကိုလည်း စာဖတ်ရှိန်မြှင့်တင်၍ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် ပြည်ထောင်စုဝန်ကြီး၏ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ခြောက်ဘာသာဂုဏ်ထူးရှင်၊ ငါးဘာသာဂုဏ်ထူးရှင်နှင့် ဒုတိယဝန်ကြီး၏ဇနီးက ငါးဘာသာဂုဏ်ထူးရှင်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်(၂) နှင့် အရာရှိကြီးများက ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များကိုလည်းကောင်း ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအနက်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၇ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၃၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၇၉၇ ဦးတို့ကို ဒုတိယအကြိမ် ပညာသင်စရိတ်အဖြစ် ချီးမြှင့်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၀)**

နေပြည်တော် ဇူလိုင် ၂၅

# ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)ရှိ အားကစားခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည်တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ လိုအပ်သည့် အချက်အလက်များကို အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများ သင်ကြားမှု စွမ်းရည်မြှင့်တင်ပေးနိုင်မှု အခြေအနေများ၊ ပုဂ္ဂလိကကျောင်းများအစား အခြေခံကျောင်းများတွင် တက်ရောက်စေပြီး အဆင့်မီစွာသင်ကြားပေးနိုင်မည့် အခြေအနေနှင့် ဆရာ၊ ဆရာမများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ မေးခွန်းပုံစံဖြေဆိုနည်းနှင့် အမှတ်ပေးစည်းမျဉ်းများအား ကျောင်းသား၊ ကျောင်းသူများ ကြိုတင်သိရှိနားလည်သဘောပေါက်စေရေးအတွက် ကျောင်းများတွင် ဘာသာရပ်ကျွမ်းကျင်ဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ခေါ်၍ ဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာသင်ခန်းအတွင်း အမှန်တကယ်တတ်မြောက်အောင်သင်ကြားပေးပြီး အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ပညာရည်စစ်ဆေးတိုင်းတာခြင်းနှင့် တတ်မြောက်မှုအကဲဖြတ်ခြင်းဆောင်ရွက်နေမှုအခြေအနေများ၊ ဗလငါးတန်ပြည့်ဝ၍ ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများ မွေးထုတ်ပေးနိုင်သည့် စံပြကျောင်းများဖြစ်စေရေး မိဘ၊ ဆရာ၊ ကျောင်းသားများမှ ကဏ္ဍပေါင်းစုံပါဝင်လိုက်နာလုပ်ဆောင်ရမည့်ကိစ္စရပ်များနှင့် သက်ဆိုင်ရာ မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ ပြည်နယ်နှင့် အခြေခံပညာဦးစီးဌာနတို့မှ ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့်အခြေအနေများအား သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**(၁၀၀)**

ပွင့်ဖြူ ဇူလိုင် ၂၅

# ပွင့်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်သူများ စားသောက်ကုန်ပစ္စည်းများ ဝယ်ယူစားသုံးရာတွင် ဘေးကင်းလုံခြုံစေရန်နှင့် စားသုံးသူအခွင့်အရေးများ သိရှိနားလည်စေရန် ရည်ရွယ်ကျင်းပသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၅ ရက်တွင် ပွင့်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း၌ ကျင်းပကြောင်း သိရသည်။

ဦးစွာ ပွင့်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကိုးထင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မင်းဘူးခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွန်းက စားသုံးသူကာကွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဒေါ်စန္ဒာစိုးလွင်က စားသုံးသူများအနေဖြင့် စားသောက်ကုန်ပစ္စည်းများဝယ်ယူစားသုံးရာတွင် ဘေးဥပဒ်ကင်းသည့် စားသောက်ကုန်များ ဝယ်ယူစားသုံးနိုင်ရေး၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် အကြောင်းအရာများနှင့် စားအုန်းဆီစားသုံးခြင်း၏ နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးများအကြောင်းကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စားသုံးသူအခွင့်အရေးများနှင့် ပတ်သက်ပြီး သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

အဆိုပါဟောပြောပွဲသို့ မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးကိုးထင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

နေပြည်တော်  ဇူလိုင်  ၂၅

# SPIC Yunnan International Power Investment Corporation သို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ရောက်ရှိစဉ် ဇူလိုင်လ ၂၄ ရက်က SPIC Yunnan International Power Investment Corporation သို့ သွားရောက်လေ့လာကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား SPIC ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဝူကျီးချွင်က ကြိုဆိုနှုတ်ဆက်ပြီး ၎င်းတို့ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မိတ်ဆက်ရှင်းလင်းသည်။

ထို့ပြင် မစ္စတာဝူကျီးချွင်နှင့်အဖွဲ့သည် ၎င်းတို့ကုမ္ပဏီက မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် စီမံကိန်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇူလိုင်  ၂၅

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)ရုံး မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Mr. Stephen Anderson နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံမှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Mr. Stephen Anderson နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် WFP က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် WFPအကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ WFP ရုံးမှကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇူလိုင်  ၂၅

# မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လက်ခံတွေ့ဆုံ



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Imran Haider ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ပြတိုက်နှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကိုအခြေပြု၍ ဘာသာရေး၊ ယဉ်ကျေးမှု အခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်  ဇူလိုင်  ၂၅

## ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ရွှေကျင် | ၂၅-၇-၂၀၂၄ | ၂၀၇ | ၈.၁၅ | ၁၄-၇-၂၀၀၉ | ၁၇၇ | ၆.၉၇ | ၆၀ |

နေပြည်တော်  ဇူလိုင်  ၂၅

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ



စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး၏ အစီအစဉ်များသတ်မှတ်ခြင်း၊ အစီရင်ခံစာများအတွက် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ ဒေသတွင်း အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တန်ပြန်တိုက်ဖျက်ရေးမြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် အတွင်းရေးမှူးချုပ်ရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တို့အားများအပေးအယူမျှတလို့ နို့စားနွားမွေးမြူသူ သမဝါယမဖွဲ့ကြစို့



ကျွန်တော်တို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတော်တော်များများမှာ နို့စားနွားမွေးမြူသူတွေရှိကြပါတယ်။ များသောအားဖြင့် မိတ္ထီလာခရိုင်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်၊ အမရပူရခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တွေမှာ မွေးမြူကြတာကို တွေ့ရပါတယ်။ အများစုက သမားရိုးကျနည်းဖြစ်တဲ့ လွှတ်ကျောင်းစနစ်နဲ့ပဲ မွေးမြူကြတာပေါ့။ ဒီတော့ အကျိုးအမြတ်ကလည်း ပုံမှန်လေးပဲရကြတယ်လေ။ ဒေသခံတွေပြောတဲ့ နို့စားနွားဆိုတာ အမှန်တော့ ရိုးရိုးဒေသနွားမျိုးထဲကမှ နို့ထွက်ကောင်းပြီး နို့ညှစ်လို့ရတဲ့ နွားမတွေပဲဖြစ်ပါတယ်။ တချို့နေရာတွေမှာတော့ နိုင်ငံခြားနွားမျိုးဖြစ်တဲ့ ဖရီရှန်မျိုးကို အနည်းစုတွေ့ရပါတယ်။ နို့စားနွားမွေးမြူရာမှာ လွှတ်ကျောင်းမွေးမြူသည့်စနစ်၊ ခြံလှောင်မွေးမြူသည့်စနစ်၊ လွှတ်ကျောင်းနှင့် ခြံလှောင်ပူးတွဲပြီးမွေးမြူသည့်စနစ်ဆိုပြီး စနစ်သုံးမျိုးရှိသည့်အနက် ဒေသခံနို့စားနွားမွေးမြူသူအများစုက လွှတ်ကျောင်းမွေးမြူသည့်စနစ်နဲ့သာ မွေးမြူကြတော့ နွားမတွေဆီက နွားနို့ကို စွမ်းအားကုန်မထုတ်လုပ်နိုင်ဘူးပေါ့။ ဘာလို့ဒီလိုပြောရလဲဆိုတော့ လွှတ်ကျောင်းစနစ်ဆိုတာ အစာရေစာပေါများတဲ့စားကျက်ကောင်းကောင်းရှိပြီး အစာကိုဝအောင်စားရမှ အဆင်ပြေမှာလေ။ သူတို့ဒေသတွေမှာက အများအားဖြင့် စိုက်ပျိုးမြေဧရိယာတွေများတော့ စားကျက်ကောင်းကောင်းကသိပ်မရှိဘူးဖြစ်နေတာပေါ့။ ရှိတဲ့စားကျက်မှာပဲ စုပြုံပြီး လွှတ်ကျောင်းတော့ နွားတွေခမျာ မဝရေစာနဲ့ဘဲ အချိန်တန်တော့ သခင့်အိမ်ပြန်ခဲ့ရ၊ အိမ်ရောက်တော့လည်း သခင်ကအစာဖိုးမတတ်နိုင်တော့ ဖြည့်စွက်စာမကျွေးနိုင်၊ အစာကို ဝအောင်မစားရမှတော့ သတ္တဝါတွေရဲ့ ဇီဝကမ္မသဘောအရ နို့ဖြစ်တည်မှုနည်းတော့တာပေါ့။ နွားမတွေနို့ထွက်နည်းတော့ နို့စားနွားမွေးမြူသူတွေလည်း ဝင်ငွေနည်းပြီး အဆင်မပြေဖြစ်ကြတော့တာပေါ့။ ဒီကြားထဲ နို့ပွဲစားအချို့ရဲ့ လူလည်ကျတာကိုခံရသေးတယ်။

**နို့စားနွားမွေးမြူသူနှင့် နို့ပွဲစား**

နို့ပွဲစားဆိုတာ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေဆီကနေ ငွေအရင်းအနှီးယူ၊ နို့စားနွားမွေးမြူသူတွေထံကို နို့ဖိုးကြိုတင်ငွေ တစ်ဆင့်ပြန်ပေး၊ ငွေကြိုပေးစဉ်က နှစ်ဖက်သဘောတူသတ်မှတ်ထားတဲ့ နွားနို့ပေါက်ဈေး၊ နို့ညှစ်ယူရမယ့်ကာလအတိုင်း နွားနို့ကိုကိုယ်တိုင်ညှစ်ယူပြီး နို့ကောက်စခန်းတွေကို ပေးပို့ရောင်းချတာရှိသလို နို့ချက်စက်ရုံတွေကို တိုက်ရိုက် ပေးပို့ရောင်းချတဲ့သူတွေကို ပြောတာပါ။ နို့ပွဲစားအချို့ လူလည်ကျပုံကို ပြောပြရရင် နို့ဖိုးငွေကြိုတင်ထုတ်ပေးထားရတာဆိုပြီး နွားနို့ဈေးနှုန်းကို ကာလပေါက်ဈေးအတိုင်းမပေးဘူး။ နောက်တစ်ခုက ခြင်တွယ်တဲ့ခွက်ကို နှစ်မျိုးထားတယ်။ သူတို့ထံမှ နို့ဖိုးငွေကြိုတင်ယူထားတဲ့သူတွေဆီကနေ နွားနို့ညှစ်ယူတဲ့အခါ သူတို့တစ်ပိသာခွက်လို့ပြောတဲ့ ခြင်ခွက်က တစ်ပိသာနဲ့ သုံးဆယ်ကျပ်သားလောက်ရှိတဲ့ခွက်နဲ့ ခြင်တွယ်ပြီး ယူကြတယ်။ နို့ကောက်စခန်းတို့၊ နို့ချက်စက်ရုံတို့ကျတော့ တစ်ပိသာအတိအကျဖြစ်တဲ့ ခြင်ခွက်နဲ့ ပြန်ရောင်းကြတယ်။ အဲ့ဒီမှာ တစ်ပိသာအပေါ် သုံးဆယ်သားလောက်၊ ၁၀ ပိသာအပေါ်ဆို သုံးပိသာလောက် နို့စားနွားမွေးမြူသူတွေနစ်နာကြတယ်။ နို့ပွဲစားတွေကတော့ အမြတ်ထွက်ကြတာပေါ့။ ဒါတောင်ရေရောတာမပါသေးဘူး။ စီးပွားရေးလုပ်တဲ့နေရာမှာ ပုထုဇဉ်လူသားတွေဆိုတော့ လောဘနဲ့ဘယ်ကင်းပါ့မလဲ။ ပြောချင်တာက နို့ပွဲစားအချို့ရဲ့ လုပ်ပုံကိုင်ပုံကို အပြစ်သဘော ပြောချင်တာမဟုတ်ပါဘူး။ နို့စားနွားမွေးမြူသူတွေရဲ့ နစ်နာနေမှု

**နို့စားနွားမွေးမြူရေးသမဝါယမအသင်း ဖွဲ့စည်းပြီးပြီဆိုတာနဲ့ နို့စားနွားမွေးမြူသူအသင်းသားတွေလိုအပ်နေတဲ့ နွားစာဖိုးငွေကို သမဝါယမအသင်းအချင်းချင်းကဖြစ်စေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကဖြစ်စေ တစ်နည်းနည်းနဲ့ရရှိအောင်ဆောင်ရွက်ပြီး နို့ထွက်၊ နို့ညှစ်လို့ရတဲ့ နွားမတစ်ကောင်ကို ငွေကျပ်ငါးသောင်းကနေ ငွေကျပ်တစ်သိန်းနှုန်းထိ အစာဖိုးအဖြစ် ပံ့ပိုးထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။**

အပေါ် ဘယ်လိုပေါင်းစပ်ကူညီပေးရမလဲဆိုတဲ့အချက်ကို အဓိကတင်ပြဆွေးနွေးပြောပြချင်တာပါ။

**စုပေါင်းလုပ်ကိုင်ဆောင်ရွက်မှ အကျိုးအမြတ်ခံစားရ**

နို့စားနွားမွေးမြူသူတွေအနေနဲ့ကလည်း ကိုယ့်အတွက်နစ်နာတယ်ဆိုတာ သိပါလျက်နဲ့ အဆင်မပြေကြတော့လည်း နို့ပွဲစားတွေဆီက နို့ဖိုးကြိုတင်ငွေကိုယူကြရတော့တာပေါ့။ နို့ပွဲစားတွေဆီက နို့ဖိုးကြိုတင်ငွေမယူလို့ အခြားသူတွေဆီက ငွေချေးမယ်ဆိုရင်လည်း ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုးဆိုသလို အတိုးကြီးကြီးပေးရတာနဲ့တင် နာလန်ထူနိုင်မှာမဟုတ်ဘူးလေ။ ဒါ့ကြောင့် နို့ပွဲစားတွေဆီက မျက်စိစုံမှိတ်ပြီးယူကြရတာပေါ့။ အခုလိုအခြေအနေမျိုးကြုံတွေ့နေကြရတဲ့ နို့စားနွားမွေးမြူသူတွေ အဆင်ပြေဖို့ဆိုရင် ကျင့်သုံးရမယ့် စနစ်တစ်ခုတော့ရှိတယ်။ အဲ့ဒီစနစ်က သမဝါယမစနစ်ပဲဖြစ်ပါတယ်။ သမဝါယမစနစ်ဆိုတာ လူတွေရဲ့ အတ္တဟိတ(ကိုယ့်အကျိုးစီးပွား)၊ ပရဟိတ (အများအကျိုးစီးပွား) ဒွန်တွဲမှုအပေါ်မှာ အခြေခံပြီး ကြံဆတီထွင်ထားသည့် စနစ်တစ်ခုပဲဖြစ်ပါတယ်။ အဲ့ဒီလို အတ္တနဲ့ ပရ ဒွန်တွဲမှုအပေါ် အခြေခံထားတာနဲ့အညီ လူတွေရဲ့ စီးပွားရေးအခြေအနေကို တိုးတက်အောင်မြင်စေရန်အလို့ငှာ လူတန်းစားမခွဲခြားဘဲ သာတူညီမျှစွာ အချင်းချင်းဆက်ဆံပေါင်းသင်းကာ ဆန္ဒအလျောက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြတဲ့ လုပ်ငန်းစနစ်ဖြစ်ပါတယ်။ တစ်နည်းပြောရရင် သမဝါယမစနစ်ဆိုတာ အတ္တကို ဗဟိုပြုခြင်းမျိုးမဟုတ်ဘဲ လိုအပ်နေသူတွေနဲ့ ရှိနေတဲ့သူတွေကို ဆက်စပ်ပေးတဲ့စနစ်လို့လည်း ဆိုနိုင်ပါတယ်။ သမဝါယမစနစ်နဲ့ ဆောင်ရွက်တဲ့လုပ်ငန်းတွေဟာ လူတစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်တာမဟုတ်ဘဲ အတ္တ၊ ပရ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ပြီး တစ်ယောက်ရဲ့လုပ်အားဟာ အများအတွက် အကျိုးကျေးဇူးဖြစ်စေသလို အများရဲ့လုပ်အားဟာလည်း တစ်ဦးတစ်ယောက်ချင်းစီအတွက် အကျိုးကျေးဇူးကို မျှဝေခံစားကြတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် နို့စားနွားမွေးမြူသူတွေ၊ နို့ပွဲစားအားလုံးက မိမိတို့ရဲ့စီးပွားရေးလုပ်ငန်း ခိုင်မာစွာရပ်တည်နိုင်ဖို့အတွက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ စုပေါင်းလက်တွဲကာ နို့စားနွားမွေးမြူရေးသမဝါယမအသင်းဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်ကြမယ်ဆိုရင် အားလုံးရဲ့အကျိုးစီးပွားတွေဟာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှာပဲဖြစ်ပါတယ်။ သမဝါယမအခြေခံသဘောတရားအရ အသင်းအမှုဆောင်အဖွဲ့ရဲ့ ဦးဆောင်စီမံခန့်ခွဲမှုနဲ့ အသင်းသားများရဲ့ လိုက်ပါဆောင်ရွက်မှုတို့ကြောင့် ရရှိလာတဲ့အကျိုးအမြတ်ကို အသင်းနဲ့အသင်းသား အကျိုးမျှတစွာ ခွဲဝေခံစား၊ စံစားကြရမှာပဲဖြစ်ပါတယ်။

**သမဝါယမစနစ်ကျင့်သုံးပြီး စီမံဆောင်ရွက်**

နို့စားနွားမွေးမြူရေးသမဝါယမအသင်းဖွဲ့စည်းပြီးပြီဆိုတာနဲ့ နို့စားနွားမွေးမြူသူအသင်းသားတွေလိုအပ်နေတဲ့ နွားစာဖိုးငွေကို သမဝါယမအသင်းအချင်းချင်းကဖြစ်စေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကဖြစ်စေ တစ်နည်းနည်းနဲ့ရရှိအောင်ဆောင်ရွက်ပြီး နို့ထွက်၊ နို့ညှစ်လို့ရတဲ့ နွားမတစ်ကောင်ကို ငွေကျပ်ငါးသောင်းကနေ ငွေကျပ်တစ်သိန်းနှုန်းထိ အစာဖိုးအဖြစ် ပံ့ပိုး ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။ အသင်းမှာ လုပ်ငန်းသဘာဝအရ လုပ်ငန်းကျွမ်းကျင်တဲ့ နို့ပွဲစားတွေက အမှုဆောင်အဖွဲ့ထဲပါဝင်ကာ အသင်းကိုဦးဆောင်ပြီး မိမိတို့အသင်းမှ နို့စားနွားမွေးမြူသူအသင်းသားတွေဆီက နွားနို့တွေကို စုစည်းဝယ်ယူမယ်။ ပြီးရင် နီးစပ်ရာ နို့ချက်စက်ရုံမှာ စုပေါင်းရောင်းချမယ်။ နို့ပွဲစားတွေအနေနဲ့ အသင်းကိုဦးဆောင်ရတဲ့ အမှုဆောင်အဖွဲ့ဝင်တာဝန်ယူထားရပြီဆိုတော့ အရင်ကလို လူလည်မကျနဲ့တော့ပေါ့။ အခြင်အတွယ်မှန်မှန်၊ ဈေးနှုန်းမှန်မှန်နဲ့ ကိုယ့်အသင်းသားတွေအပေါ် စေတနာမှန်မှန်နဲ့ ဆောင်ရွက်ပေးကြပေါ့။ စေတနာမှန်ရင် အကျိုးပေးပါလိမ့်မယ်။ အဲ့ဒါမှ စုပေါင်းမွေးမြူ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချရာမှ ရရှိလာတဲ့အကျိုးအမြတ်ကို စုပေါင်းမျှဝေခံစား၊ စံစားကြရမှာပေါ့။

**သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ**

နို့စားနွားမွေးမြူရေးလုပ်ငန်းအောင်မြင်ပြီး စီးပွားဖြစ်ဖို့ဆိုရင် ငွေကြေးပံ့ပိုးထုတ်ချေးပေးမှုအပြင် နွားတွေရဲ့ကျန်းမာရေး၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့် နည်းလမ်း၊ အာဟာရမျှတတဲ့အစားအစာ အစရှိတဲ့ နို့စားနွားမွေးမြူရေးဆိုင်ရာ သိသင့်သိထိုက်တဲ့ အချက်အလက်များကို နို့စားနွားမွေးမြူသူ သမဝါယမအသင်းသားတွေသိရှိအောင် ပညာပေးနည်းလမ်းပြသတာတွေ ဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်း နွားတွေရဲ့ကျန်းမာရေးအခြေအနေကို အမြဲတမ်းစောင့်ကြည့်ပြီး ရာသီအလိုက် နွားတွေမှာဖြစ်ပွားတတ်တဲ့ ထောင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ ခွာနာလျှာနာရောဂါ အစရှိတဲ့ ရောဂါတွေ မဖြစ်ပွား၊ မကူးစက်ရအောင် အချိန်နဲ့တစ်ပြေးညီ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ နွားတွေကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ နွားခြံကိုရေမဝပ်တဲ့နေရာ၊ ကုန်းမြင့်တဲ့နေရာ၊ လူနေအိမ်နဲ့ သီးခြားဖြစ်တဲ့နေရာတွေမှာ ရွေးချယ်ဆောက်လုပ်ရန်လိုအပ်ကြောင်း၊ နွားတစ်ကောင်အတွက် နေရာဟာ အလျား ၇ ပေ၊ အနံ ၄ ပေ၊ အမြင့် ၈ ပေ ကျယ်ဝန်းရန်လိုအပ်ကြောင်း၊ နွားတွေကို အစာကျွေးရာမှာ အာဟာရမျှတစေဖို့ တစ်နေ့ကို နို့ လေးပိသာချပေးတဲ့ နွားမတစ်ကောင်အတွက် အစာသုံးပိသာနှုန်းကျွေးရမှာဖြစ်ကြောင်း၊ ကျွေးတဲ့အစာမှာ နှမ်းဖတ် ၂၅ ရာခိုင်နှုန်း၊ ဖွဲနု ၂၅ ရာခိုင်နှုန်း၊ ဆန်ကွဲ ၂၃ ရာခိုင်နှုန်း၊ ပဲခွံ ၁၇ ရာခိုင်နှုန်းနဲ့ ပဲမှုန့်ကြမ်း ၁၀ ရာခိုင်နှုန်း ပါဝင်ရန်လိုကြောင်း၊ သောက်ရေအလုံအလောက်တိုက်ရန်နှင့် အစာကြမ်းကို တစ်နေ့လျှင် ၁၀ ပိသာမှ ၁၂ ပိသာလောက် ကျွေးရန်လိုအပ်ကြောင်း ပညာပေးနည်းလမ်းပြသမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေကြောင်း သိရှိရပါတယ်။

**လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိ**

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နို့နှင့်နို့ထွက်ပစ္စည်းများ ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ရန်၊ ပြည်တွင်းစားသုံးမှု ဖူလုံပေါများစေရန်နှင့် နို့စားနွားမွေးမြူသူများ၏ လူမှုစီးပွားဘဝရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး နို့နှင့် နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း မိတ္ထီလာဇုန်၊ **စာမျက်နှာ ၁၄ သို့** *

*** စာမျက်နှာ ၁၃ မှအဆက်**

ကျောက်ဆည်ဇုန်နှင့် မန္တလေးဇုန်ဆိုပြီး ဇုန်သုံးဇုန် တည်ထောင်ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်ဆည်ဇုန်တွင် မြဘုရင်နို့ချက်စက်ရုံနှင့် ထွန်းနို့ချက်စက်ရုံတို့ရှိပြီးဖြစ်ကြောင်း၊ မန္တလေးဇုန်တွင်လည်း မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံရှိပြီးဖြစ်ကြောင်း၊ မိတ္ထီလာဇုန်တွင် နို့ချက်စက်ရုံမရှိသေးသည့်အတွက် နို့ချက်စက်ရုံတည်ဆောက်နိုင်ရေး လိုအပ်သည့်တွက်ချက်မှုများဖြင့်တင်ပြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားကြောင်း၊ အဆိုပါ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးဇုန်သုံးဇုန်အတွက် လိုအပ်သည့်နွားနို့ကုန်ကြမ်းများ ပေးသွင်းနိုင်ရေးအတွက် နို့စားနွားမွေးမြူရေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ အမရပူရမြို့နယ်တွင် ခုနစ်သင်း၊ ပြင်ဦးလွင်မြို့နယ်တွင် တစ်သင်း၊ ကျောက်ဆည်မြို့နယ်တွင် ၁၀ သင်း၊ စဉ့်ကိုင်မြို့နယ်တွင် လေးသင်း၊ မြစ်သားမြို့နယ်တွင် တစ်သင်း၊ တံတားဦးမြို့နယ်တွင် ရှစ်သင်း၊ မိတ္ထီလာမြို့နယ်တွင် ငါးသင်း စုစုပေါင်း နို့စားနွားမွေးမြူရေးသမဝါယမအသင်း ၃၆ သင်းဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အဆိုပါအသင်း ၃၆ သင်းတွင် နို့စားနွားမကောင်ရေ ၂၅၉၇ ကောင်ရှိကြောင်း၊ ထွက်ရှိသည့် နွားနို့များကို ၎င်းတို့နှင့်နီးစပ်ရာ နို့ချက်စက်ရုံများသို့ ဒေသပေါက်ဈေးအတိုင်း ပေးသွင်းရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ဆက်လက်၍ ဇုန်သုံးဇုန်အတွင်း နို့စားနွားမွေးမြူရေးသမဝါယမအသင်းများ ထပ်မံတိုးချဲ့ဖွဲ့စည်းကာ တစ်မြို့နယ်ကို နို့စားနွားမအကောင်တစ်ထောင်နှုန်းမွေးမြူနိုင်အောင် စီမံလျာထားဆောင်ရွက်လျက်ရှိပြီး နို့နှင့်နို့ထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

အချုပ်အားဖြင့် ဆွေးနွေးတင်ပြရရင် စည်းလုံးခြင်းသည်အင်အား၊ ညီညွတ်ခြင်းသည်ခွန်အားဆိုတဲ့စကားအတိုင်း နို့စားနွားမွေးမြူသူတွေ တစ်ဦးတစ်ယောက်တည်းရဲ့အားနဲ့ ရပ်တည်ဖို့မစွမ်းသာဘူးဆိုရင် စုပေါင်းအားနဲ့ စွမ်းဆောင်နိုင်ဖို့ ဘဝတူ၊ လုပ်ငန်းတူ နို့စားနွားမွေးမြူသူအားလုံးက စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူနဲ့ သမဝါယမအသင်းဖွဲ့စည်းပြီး စုပေါင်းအားကို တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ထို့အတူ နို့ပွဲစားတွေအနေနဲ့ကလည်း နို့စားနွားမွေးမြူသူတွေအပေါ် စီးပွားရေးအရ မှီခိုရပ်တည်ပြီး လုပ်ကိုင်ဆောင်ရွက်နေတာဖြစ်လို့ နို့စားနွားမွေးမြူရေးသမဝါယမအသင်းမှာ မိမိတို့ရဲ့လုပ်အား၊ နည်းပညာနဲ့ ငွေကြေးအရင်းအနှီးတွေ အားဖြည့်ပူးပေါင်းပြီး မိမိတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ရေရှည်တည်တံ့အောင် တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် နို့စားနွားမွေးမြူသူများအတွက် စနစ်ကျပြီး အကျိုးအမြတ် ပိုမိုရရှိစေရန်အလို့ငှာ နွားစာဖိုး၊ မွေးမြူဖို့ နွားမတမ်းဝယ်ယူရန်၊ နွားခြံ၊ နွားတင်းကုပ်များ ဆောက်လုပ်နိုင်ရန် ပံ့ပိုးချေးငွေထုတ်ချေးပေးမယ့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနရဲ့အား၊ နွားတွေရဲ့ ကျန်းမာရေး၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့် နည်းလမ်း၊ အာဟာရမျှတတဲ့ အစားအစာ အစရှိတဲ့ နို့စားနွားမွေးမြူရေးဆိုင်ရာ သိသင့်သိထိုက်တဲ့ အချက်အလက်များကိုသိရှိအောင် ပညာပေးနည်းလမ်းပြသဆောင်ရွက်မယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့အားတွေကိုပါ အပေးအယူမျှတစွာ ပူးပေါင်းလိုက်မယ်ဆိုရင် နို့စားနွားမွေးမြူသူတွေရဲ့ လူမှုစီးပွားဘဝရေရှည်ဖွံ့ဖြိုးတိုးတက်စေကာ ပြည်တွင်းစားသုံးမှု ဖူလုံပေါများစေပြီး နို့နှင့်နို့ထွက်ပစ္စည်းများ ပြည်ပမှတင်သွင်းရမှုကို လျှော့ချသွားနိုင်မှာဖြစ်ပါတယ်။ အလားတူ ယနေ့နိုင်ငံတော်ကချမှတ်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ စီးပွားရေးဦးတည်ချက်ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မှာဖြစ်တဲ့အတွက် **"တို့အားများအပေးအယူမျှတလို့ နို့စားနွားမွေးမြူသူ သမဝါယမဖွဲ့ကြစို့"**လို့ နို့စားနွားမွေးမြူရေးသမဝါယမအသင်းများအား ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

**မင်းခလုင်(သမ/ဦးစီး)**

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစပြီး ဇူလိုင်လ(၃၁)ရက်နေ့အထိ နေ့စဉ်နံနက်(၆း၀၀)နာရီမှစပြီး ရှမ်း၊ "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့မှစပြီး နိုဝင်ဘာလ(၃၀)ရက်နေ့အထိ နေ့စဉ်နံနက် (၆း၀၀)နာရီမှ နံနက် (၈း၀၀) နာရီအထိ "ဝ"ဘာသာအစီအစဉ်၊ နံနက် (၈း၀၀)နာရီမှ နံနက်(၁၀း၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက်(၁၀း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ (၁၃း၀၀)နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃း၀၀)နာရီမှမွန်းလွဲ (၁၄း၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၄း၀၀)နာရီမှ ညနေ(၁၅း၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ(၁၅း၀၀)နာရီမှ ညနေ(၁၆း၀၀)နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ညနေ(၁၆း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ညနေ(၁၇း၀၀)နာရီမှည(၁၉း၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည(၁၉း၀၀)နာရီမှ ည(၂၁း၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည(၂၁း၀၀)နာရီမှ ည(၂၃း၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

**(၁. ၈. ၂၀၂၄)မှ (၃၀. ၁၁. ၂၀၂၄)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း**

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | "ဝ" | ၀၆း၀၀-၀၈း၀၀ နာရီ |
| ၂။ | ကချင် | ၀၈း၀၀-၁၀း၀၀ နာရီ |
| ၃။ | ကယား | ၁၀း၀၀-၁၂း၀၀ နာရီ |
| ၄။ | စကောကရင် | ၁၂း၀၀-၁၃း၀၀ နာရီ |
| ၅။ | အနောက်ပိုးကရင် | ၁၃း၀၀-၁၄း၀၀ နာရီ |
| ၆။ | အရှေ့ပိုးကရင် | ၁၄း၀၀-၁၅း၀၀ နာရီ |
| ၇။ | ချင်း(လိုင်ဇိုး) | ၁၅း၀၀-၁၆း၀၀ နာရီ |
| ၈။ | ချင်း(ချိုး) | ၁၆း၀၀-၁၇း၀၀ နာရီ |
| ၉။ | မွန် | ၁၇း၀၀-၁၉း၀၀ နာရီ |
| ၁၀။ | ရခိုင် | ၁၉း၀၀-၂၁း၀၀ နာရီ |
| ၁၁။ | ရှမ်း | ၂၁း၀၀-၂၃း၀၀ နာရီ |

ပဲခူး၊ အားကစား

# အသက် ၂၁ နှစ်အောက် အမျိုးသားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ရည်ရွယ်၍ ဟံသာဝတီဖလား အသက် ၂၁ နှစ်အောက် အမျိုးသားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ဟံသာဝတီဖလားအသက် ၂၁ နှစ်အောက် အမျိုးသားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်းတွင် ဩဂုတ်လ ၁၄ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်သည့်နေ့တိုင်း နယ်ဝေးအသင်းများအား ငွေကျပ် ခုနစ်သိန်းနှင့် ရပ်နီးအသင်းများအား ငွေကျပ် သုံးသိန်း ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ပထမဆုငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆုငွေကျပ် ၇၅ သိန်း ပေးအပ်မည့်အပြင် အကောင်းဆုံးအားကစားသမားဆုငါးဆုအားတစ်ဆုလျှင် ငွေကျပ်သုံးသိန်း ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(၄၁၀)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင် ရွက်လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြ သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် ဇူလိုင် ၂၅

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

၂၀၂၄ ခုနှစ်တွင်ကျင်းပမည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဒေါ်နုမြဇံ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာပညာရှင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက (၂၅)ကြိမ်မြောက် ငွေရတုဆိုသည့် ဝိသေသနှင့်အညီ ပြိုင်ပွဲကြီး၏ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို ထူးခြားသည့်အစီအစဉ်များနှင့် စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ညှိနှိုင်းမှုများလည်း ပြုလုပ်ထားပြီးဖြစ်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်များကိုတောက်လျှောက်လက်ဆင့်ကမ်းခဲ့ကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ရှိကြသည့် ဝါသနာရှင်မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုတို့ကိုအခြေခံပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို လူအား၊ ငွေအား၊ အချိန်များ ပံ့ပိုးပြီး စဉ်ဆက်မပြတ်ကျင်းပနေခြင်းဖြစ်ကြောင်း၊ အချိန်ကာလတစ်ခုအထိ ရပ်နားခဲ့ရသည့်ပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ၂၀၂၂ ခုနှစ်ကစတင်ပြီး ပြန်လည်ဖော်ထုတ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၂၅)ကြိမ်မြောက် ငွေရတုတိုင်ခဲ့ပြီဖြစ်ကြောင်း။

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပြိုင်ပွဲကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဆွေးနွေးကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်ဆိုင်ရာအကဲဖြတ်လုပ်ငန်းအဖွဲ့မှ ပညာရှင်များက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်ကျင်းပမည့်(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများက ယခင်နှစ်အားနည်းချက်၊ အားသာချက်များကိုသုံးသပ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို အထူးဂရုပြုဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူတန်နိုင်ငံမှ Mr. Sonam Wangyel အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဘင်းမ်စတက်အဖွဲ့အစည်းပေါ်ပေါက်လာမှုအခြေအနေနှင့်ရည်ရွယ်ချက်များ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များနှင့် ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ လူကုန်ကူးမှုနှင့်ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့်စိန်ခေါ်မှုများကိုဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေးကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံတွင်ကျင်းပမည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှုအခြေအနေများနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေး...


အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval က ရှင်းလင်းတင်ပြစဉ်။


ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker က ရှင်းလင်းတင်ပြစဉ်။


ဘူတန်နိုင်ငံမှ Mr. Sonam Wangyel က ရှင်းလင်းတင်ပြစဉ်။


နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire က ရှင်းလင်းတင်ပြစဉ်။


သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil က ရှင်းလင်းတင်ပြစဉ်။


ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya က ရှင်းလင်းတင်ပြစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့နှင့် ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။


ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey က ရှင်းလင်းတင်ပြစဉ်။

★ ရှေ့ဖုံးမှအဆက်

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya နှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey တို့တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့က ဘင်းမ်စတက်အဖွဲ့အစည်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ယင်းစိန်ခေါ်မှုများကို ပူးပေါင်းအဖြေရှာ၍ ဖြေရှင်းဆောင်ရွက်သွားရမည့်အခြေအနေများနှင့် ပတ်သက်၍ တစ်ဦးချင်းရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် ဘင်းမ်စတက်အဖွဲ့အစည်းပေါ်ပေါက်လာမှုအခြေအနေနှင့် ရည်ရွယ်ချက်များ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များနှင့် ဆက်သွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အဖွဲ့ဝင်နိုင်ငံများအကြား မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုနှိမ်နင်းရေး၊ လူကုန်ကူးမှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံတွင် ကျင်းပမည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှုအခြေအနေများနှင့် လွတ်လပ်ပြီး စာမျက်နှာ ၁၅ သို့ ★

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 25

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives national security chiefs of BIMSTEC member countries and BIMSTEC secretary general



Senior General Min Aung Hlaing receives national security chiefs of BIMSTEC member countries and the BIMSTEC secretary general.

National security chiefs of BIMSTEC member countries and the BIMSTEC secretary general who were going to attend the Fourth BIMSTEC National Security Chiefs' Meeting to be hosted by Myanmar paid a courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing at the Credentials Hall of the SAC Chairman's Office here this afternoon.

Present at the call together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Home Affairs Lt-Gen Yar Pyae, Deputy Prime Minister Union Minister for Foreign Affairs U Than Swe, Union Minister at SAC Chairman's Office 1 Admiral Moe Aung, Union Minister for Agriculture, Livestock and

See Page - 21 ●●



Senior General Min Aung Hlaing shakes hands with General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil from Sri Lanka.



Senior General Min Aung Hlaing shakes hands with Mr. Harishchandra Ghimire from Nepal.

YANGON July 25

# On behalf of Chairman of the State Administration Council, Lt. General Aung Lin Dwe, Secretary of the State Administration Council signed the book of condolences for passing away of the General Secretary of the Central Committee of the Communist Party of the Socialist Republic of Vietnam




Lt-Gen Aung Lin Dwe signs the book of condolences for the demise of H.E. Mr. Nguyen Phu Trong, General Secretary of the Central Committee of the Communist Party of the Socialist Republic of Vietnam.

On behalf of the Chairman of the State Administration Council of the Republic of the Union of Myanmar, Lt. General Aung Lin Dwe, Secretary of the State Administration Council accompanied by officials from the Ministry of Foreign Affairs, arrived at the Embassy of the Socialist Republic of Vietnam on Thiri Mingalar Street, Kamayut Township, Yangon at 2 pm today to sign the book of condolences for the demise of H.E. Mr. Nguyen Phu Trong, General Secretary of the Central Committee of the Communist Party of the Socialist Republic of Vietnam. The Secretary of the State Administration Council was welcomed by Ambassador of Socialist Republic of Vietnam to Myanmar H.E. Ly Quoc Tuan, Defence Attaché Mr. Dao Van Duy and officials.

Then, the Secretary of the State Administration Council met Ambassador, Defence Attaché and authorities concerned of Vietnamese Embassy at the parlor in a friendly manner. He also expressed the message of condolences and sympathies from the Chairman of the State Administration Council for the recent passing of the General Secretary of the Communist Party of Vietnam and signed the book of condolences.

H.E. Mr. Nguyen Phu Trong served as the General Secretary of the Central Committee of the Communist Party of Viet-nam since 2011 and paid an official visit to Myanmar in 2017. He was the President of the Socialist Republic of Vietnam from 2018 to 2021. **100**

---

## State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

RUSSIA

# Russian, Chinese bombers conduct joint patrols near alaska - MoD

Russian Tu-95MS strategic missile carriers and Chinese bombers conducted joint patrols over the waters of the Chukchi and Bering seas as well as the northern part of the Pacific Ocean, the Russian Ministry of Defense (MoD) said on Thursday.

"An air group consisting of Tu-95MS strategic missile carriers of the Russian aerospace forces and Hun-6K strategic bombers of the Chinese People's Liberation Army Air Force carried out air patrols over the waters of the Chukchi and Bering seas and the northern part of the Pacific Ocean," the ministry said in a statement.

During the flight, Russian and Chinese crews practiced air patrolling interaction. Russian Su-30SM and Su-35S aircraft provided air cover, the MoD added.

"The duration of the joint flight of Russian and Chinese aircraft lasted more than five hours. At certain stages of the route, the air group was accom-panied by fighters from foreign countries," the statement also read.

The ministry stressed that when performing the tasks, the aircraft of both countries acted in accordance with the provisions of international law, and there were no airspace violations. After the completion of the joint patrols, all aircraft involved returned to their home airfields, the ministry concluded.

Tu-95MS strategic bombers are part of the long-range aviation of the Russian Aerospace Forces and a component of Russia's nuclear triad. They usually carry weapons like Kh-55 long-range cruise missiles. **Sputnik**

RUSSIA

# Russian space company Gonets says planning to have 40 small spacecraft in orbit by 2027



Russian space company Gonets says planning to have 40 small spacecraft in orbit by 2027.

The Russian Gonets Satellite System company is planning to launch two small spacecraft next year in cooperation with the Fifth Generation experimental and design bureau as well as to increase the number of its small satellites in the orbit to 40 by 2027, the company told Sputnik.

"The development plans for the Gonets.MKA segment include launching two small spacecraft in 2025 and 40 by the end of 2027. The [satellite] constellation's further development involves growing it to 1,000 satellites in the orbit," the company said.

The Gonets.MKA small spacecraft constellation is being developed under a three-part agreement between Fifth Generation, Gonets Satellite System and Russian state space corporation Roscosmos.

**Sputnik**

GERMANY

# Climate protest grounds flights at Frankfurt Airport in Germany

A climate protest grounded all flights at the international airport in the German city of Frankfurt on Thursday morning, the airport authority said.

"Due to an ongoing Demonstration at the airport flights are currently suspended. Passengers are asked not to go to the airport for the time being," the air hub's operator said in a statement.

Air travellers were told to check the status of their flight before coming to the airport and allow more time for their journey.

A federal police spokesperson told the Frankfurter Allgemeine daily that six activists from the Last Generation movement cut through the outer fence to gain access to the airfield and glued themselves to the tarmac, paralyzing all four runways.

Air traffic resumed later in the morning, although the airport did not rule out further flight delays and cancellations.

The demonstration caused at least 140 flight cancellations. Some 50 flights were rerouted.

Another climate protest disrupted operations at Cologne-Bonn airport in western Germany on Wednesday. Activists glued themselves to the tarmac at the busy airport in the morning, prompting a police operation.

**Sputnik**




Climate protest grounds flights at Frankfurt Airport in Germany.

CHINA

# Typhoon Gaemi makes second landfall in China

Typhoon Gaemi, the third typhoon of this year, made its second landfall in China on Thursday evening, according to the provincial meteorological bureau of Fujian.

With a maximum wind speed of 33 meters per second at its center, the typhoon landed at the Xiuyu District in the city of Putian, east China's Fujian Province, at around 7:50 p.m., according to the bureau.

As of 3 p.m. Thursday, more than 240,000 residents were temporarily evacuated in the province and more than 5,000 rescuers in the cities of Fuzhou, Putian and Ningde, and Pingtan County were standing by, according to the provincial flood control headquarters.

Gaemi made its first landfall at around midnight Thursday in eastern Taiwan's Yilan County, leaving two dead and 201 injured, local authorities said. **Xinhua**

AUSTRIA

# Austrian police seize drugs worth 600,000 euros

The authority has seized drugs worth 600,000 euros (651,000 U.S. dollars) and arrested two suspects in a recent operation, police in the Austrian capital Vienna said Thursday.

In a street patrol in early June, Vienna police found a large amount of cash and 4.7 grams of marijuana from two men behaving suspiciously.

During the ensuing searches of the two men's apartments and business premises in Vienna, the police seized about 4.8 kg of cocaine and 24 kg of marijuana with a total value of around 600,000 euros. The police also found over 32,000 euros of cash, Austrian news agency APA reported. The suspects, both Serbian nationals, have been taken into custody, according to the police. (1 euro = 1.09 U.S. dollar) **Xinhua**

●● From Page - 18

Irrigation U Min Naung and officials. National security chiefs, H.E. Shri Ajit Doval from India, Ambassador Abdul Motaleb Sarker from Bangladesh, Mr. Sonam Wangyel from Bhutan, H.E. Mr. Harishchandra Ghimire from Nepal, General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil from Sri Lanka, Ms. Kanyarat Angkanavisalya from Thailand, and BIMSTEC Secretary General H.E. Mr. Indra Mani Pandey.

First the Senior General extended greetings. Then national security chiefs of BIMSTEC member countries, representatives and the BIMSTEC secretary general presented individual reports on cooperation with BIMSTEC, challenges and the collective efforts to find answers to them.


Senior General Min Aung Hlaing shakes hands with Ms. Kanyarat Angkanavisalya from Thailand.


Senior General Min Aung Hlaing poses for a group photo with national security chiefs of BIMSTEC member countries and the BIMSTEC secretary general.

The Senior General and the security chiefs of BIMSTEC member countries, representatives and the BIMSTEC secretary general cordially discussed matters relating to the establishment of BIMSTEC and the goals, cooperation in the economic development, peace and stability, social requirement and communication sectors among the BIMSTEC member countries, collective undertakings among the member countries in counternarcotic, counterterrorism, anti-human trafficking and cyber security issues, development of member countries, overcoming the challenges through regional cooperation, successful holding of the Fourth BIMSTEC National Security Chiefs' Meeting to be hosted by Myanmar in a transparent manner, successful holding of the BIMSTEC Summit in Thailand, Myanmar's latest developments and preparations to successfully hold a free and fair multiparty general election.

After the meeting, the Senior General and party and security chiefs of BIMSTEC member countries, representatives and the BIMSTEC secretary general posed for group documentary photos. **100**

TOURISM

# Myanmar prepares for geotourism launch at Mt Popa National Geopark

It is under preparation to launch geopark-based tourism in the Mount Popa National Geopark, which will become the first of its kind in Myanmar, according to Ko Tin Ko Min from Maha Giri Community-based Geotourism Services.

The group said the tour package would be sold before the end of July.

"Geo-based tourism has started. But we haven't got all the data yet. We need to give training inside our group this month. We plan to sell one package in the second half of this month. It is expected to be in the last week," he said.

By attracting public interest moderately as a new kind of tourism, geotourism activities will include an excursion to the volcano, as well as a biodiversity study tour and knowledge sharing with guests, he said.

"Some designated areas are quite far. Among them, some easily accessible places are chosen and sharing about them is considered. We expect more youth and children from private schools to visit. For other people, there is a mountain climbing programme," he explained.

The Maha Giri group currently provides Mount Popa climbing services, cares for Popa Langur conservation, and expands its services into geotourism. At the same time, it plans to conserve Mwaypway Tettu (Popa cyrtodactylus) and flying geckos, which are rare species in the Popa area. **SMK**

ELECTRICITY

# Paunglaung Dam to generate more electricity units in 2024-2025 FY

The Ministry of Agriculture, Livestock and Irrigation stated that plans are underway to generate more electricity units from Paunglaung Dam which will be completed in 2024-2025 financial year.

The dam is located on Paunglaung River in Zeyathiri Township of Nay Pyi Taw. It was built on 1 February 1997, and inaugurated on 25 March 2005. It generates 911 million kilowatt hours per year.

The Hydropower Implementation Department under the Ministry of Electric Power coordinated to improve the spillway of the dam so as to store more volume of water for generating electricity.

So, the dam is installed with Hydraulic Elevator Dam which 140.5 metres long and 1.5 metres high. The dam can store 570,000 acre-feet of water, up from 549,000 acre-feet of water.

The dam can store some 21,000 acre-feet of water more than the original to generate 919 million kwh per year.

Thanks to the new project, the dam can add eight million kwh per year more than the original electricity units. Arrangements are being made to complete the project in 2024-2025 financial year.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နေပြည်တော် ဇူလိုင် ၂၅

# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအား ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် လက်ခံတွေ့ဆုံ



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ Ambassador Abdul Motaleb Sarker အား လက်ခံတွေ့ဆုံစဉ်။



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဘူတန်နိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ Mr. Sonam Wangyel အား လက်ခံတွေ့ဆုံစဉ်။



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် အိန္ဒိယနိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ H.E. Shri Ajit Doval အား လက်ခံတွေ့ဆုံစဉ်။



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် နီပေါနိုင်ငံမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲ H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံစဉ်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးတက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker အားလည်းကောင်း၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel အားလည်းကောင်း၊ ညနေပိုင်းတွင် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval အားလည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် ယမန်နေ့က အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများဖြစ်ကြသည့် နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire အားလည်းကောင်း၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အားလည်းကောင်း သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်းချင်း၊ ဒေသတွင်း ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှုအခြေအနေနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E.Mr. Indra Mani Pandey အား လက်ခံတွေ့ဆုံစဉ်။

# ရေနံပေါကြွယ်သည့် ဆော်ဒီအာရေဗျတွင်ရေပန်းစားလာသည့် လျှပ်စစ်ကားများ

(နိုင်အောင်)



ရေနံပေါကြွယ်ဝသည့် ဆော်ဒီအာရေဗျနိုင်ငံတွင် ယခုအခါလျှပ်စစ်ကားများအသုံးပြုမှုသည် လူများအကြား၌ တစ်စထက်တစ်စ ရေပန်းစားလာပြီဖြစ်သည်ကို တွေ့ရသည်။

ဆော်ဒီအာရေဗျနိုင်ငံရှိ ပြည်သူအချို့သည် လောင်စာဆီအတွက် ကုန်ကျစရိတ်လျှော့ချနိုင်ရန်အတွက် လျှပ်စစ်ကားများကို ဝယ်ယူအသုံးပြုလာခြင်းဖြစ်သည်။ အချို့မှာ လောင်စာဆီအတွက် တစ်လလျှင် ရီယယ် ၂၀၀၀ (စင်ကာပူဒေါ်လာ ၇၂၀) ခန့်အသုံးပြုနေရသည်။ ထို့ကြောင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်ကားများကို ဝယ်ယူလာကြခြင်းကြောင့် ယင်းနိုင်ငံအတွင်း၌ လျှပ်စစ်ကားများအသုံးပြုခြင်းသည် ရေပန်းစားလာခြင်းဖြစ်သည်။

ထို့ပြင် လျှပ်စစ်ကားများအား ပြင်ဆင်ရာတွင်လည်း ကုန်ကျစရိတ်မှာလောင်စာဆီသုံးမော်တော်ယာဉ်များနှင့်နှိုင်းယှဉ်ပါက နည်းပါးခြင်းကလည်း လျှပ်စစ်ကားများကို လူကြိုက်များစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ လက်ရှိ ဆော်ဒီအာရေဗျနိုင်ငံရှိ လျှပ်စစ်ကားဈေးကွက်တွင် အဓိကနေရာယူထားသည့်အမျိုးအစားမှာ တရုတ်နိုင်ငံထုတ် BYD အမျိုးအစားဖြစ်သည်။ BYD ၏ ပြိုင်ဘက်အမျိုးအစားတစ်ခုဖြစ်သည့် အမေရိကန်၏ Tesla မှာ ဆော်ဒီအာရေဗျဈေးကွက်တွင် လွှမ်းမိုးနိုင်ခြင်း မရှိသေးပေ။

ဆော်ဒီအာရေဗျနိုင်ငံတွင် လူဦးရေအားဖြင့် ရှစ်သန်းသာရှိသော်လည်း ယာဉ်ကြောပိတ်ဆို့မှုများကြောင့် လေထုညစ်ညမ်းမှုများနှင့်ကြုံတွေ့ရခြင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဿနာတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်သည့် လျှပ်စစ်ကားများကို ပိုမိုရွေးချယ်အသုံးပြုလာခြင်းဖြစ်သည်။ ထို့ပြင် လျှပ်စစ်ကားများကိုအသုံးပြုခြင်းအားဖြင့် ကမ္ဘာကြီးပူနွေးလာခြင်းကို လျှော့ချနိုင်သည်ဟု နားလည်သဘောပေါက်သူ အရေအတွက်မှာ ပိုမိုများပြားလာပြီဖြစ်သည်။



သို့ရာတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ လျှပ်စစ်ကားအသုံးပြုမှု များပြားလာလျက်ရှိသော်လည်း အားသွင်းပေးနိုင်သည့် အခြေခံအဆောက်အဦများမှာ ပြည့်စုံခြင်းမရှိသေးသောကြောင့် အသုံးပြုသူများသည် များသောအားဖြင့် အဆိုပါလျှပ်စစ်ကားများအား မြို့တော်အတွင်း ဈေးဝယ်ထွက်ခြင်းကဲ့သို့သော ခရီးတိုများသွားလာခြင်း၌သာ အသုံးများလျက်ရှိသည်။

လက်ရှိတွင် BYD ကုမ္ပဏီနှင့် Lucid တို့သည် လျှပ်စစ်ကားမောင်းနှင်အသုံးပြုသူများ၏နေအိမ်တွင် ဓာတ်အားသွင်းစက်များကို တိုက်ရိုက်တပ်ဆင်တည်ဆောက်ပေးလျက်ရှိပြီး လျှပ်စစ်ကားဆိုင်ရာအခြေခံအဆောက်အဦကုမ္ပဏီ (Eviq) ကလည်း လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် လျှပ်စစ်ကားများအတွက် ဓာတ်အားသွင်းသည့်နေရာ ၅၀၀၀ ခန့်ကို တစ်နိုင်ငံလုံး၌ တည်ဆောက်ရန်ကြိုးပမ်းလျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ရေနံအဓိကထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် လောင်စာဆီဈေးနှုန်းမှာ ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် ရောင်းချနေသည့် ဈေးနှုန်းထက် ပိုမိုလျှော့ကျလျက်ရှိသည်။ ဆော်ဒီအာရေဗျတွင် လောင်စာဆီ တစ်လီတာလျှင် အမေရိကန်ဒေါ်လာ ၀.၆၂ ခန့်သာရှိသည်ဟုဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် လျှပ်စစ်ကားဈေးနှုန်းများမှာ မြင့်တက်နေဆဲဖြစ်ပြီး Lucid မှထုတ်လုပ်သည့် လျှပ်စစ်ကားတစ်စီး၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၀၀၀ ခန့်ရှိသည်။ သို့သော် ဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံမှ BYD လျှပ်စစ်ကားများ ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းမှာပြည်သူများအတွက် လက်လှမ်းမီလာစေနိုင်သည်ဟုဆိုနိုင်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် လျှပ်စစ်ကားအစီးရေ ၂၁၀ သာ နိုင်ငံအတွင်းသို့ တင်သွင်းခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် အစီးရေ ၇၇၉ စီးအထိ တင်သွင်းခဲ့ရခြင်းကြောင့် ယခုနှစ်အတွင်း၌လည်း လျှပ်စစ်ကားအသုံးပြုမှု မြင့်တက်လာမည်ဟု မျှော်မှန်းထားသည်။ ထို့ပြင် လျှပ်စစ်ကားများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်ဆော်ဒီအစိုးရက ကြိုးပမ်းလျက်ရှိသည်။

ဆော်ဒီအစိုးရသည် Lucid ကုမ္ပဏီတွင် အစုရှယ်ယာ ၆၀ ရာခိုင်နှုန်းကိုထိန်းချုပ်ထားပြီး နိုင်ငံအတွင်း၌ လျှပ်စစ်ကားနှင့် လောင်စာဆီသုံးကားများ ထုတ်လုပ်နိုင်ရေးအတွက် တောင်ကိုရီးယားမှ Hyundai ကုမ္ပဏီနှင့်လည်း သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်သည်။ ထို့ပြင် ဆော်ဒီအာရေဗျ၏ လျှပ်စစ်ကားအမှတ်တံဆိပ်ဖြစ်သည့် CEER ကိုလည်း ၂၀၂၂ ခုနှစ်တွင် တရားဝင်ကြေညာခဲ့ပြီး ကားထုတ်လုပ်ခြင်းကို လာမည့် ၂၀၂၅ ခုနှစ်တွင် စတင်မည်ဟုစီစဉ်လျက်ရှိသည်။

ထို့ပြင် ဆော်ဒီအစိုးရအနေဖြင့် နှစ်စဉ် လျှပ်စစ်ကားအစီးရေ ၃၀၀၀၀၀ ခန့်ကို ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း စက်မှုလုပ်ငန်းဝန်ကြီး ဘန်ဒါအယ်ခါရစ်က ယခုနှစ်အစောပိုင်းတွင် လူသိရှင်ကြားပြောကြားထားခြင်းကြောင့် နိုင်ငံအတွင်း၌ လျှပ်စစ်ကားအသုံးပြုမှုများမြင့်တက်လာဖွယ်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ***Ref: ST***

# အသံထက်ငါးဆပိုမြန်သည့် မာကိုဒုံးကျည်အား ဗြိတိန်တွင်ထုတ်လုပ်မည်

ကမ္ဘာ့ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် လော့ဟိမာတင်ကုမ္ပဏီသည် အသံထက်ငါးဆပိုမိုမြန်ဆန်သည့် ဒုံးကျည်သစ်တစ်စင်းအား ကနဦးအနေဖြင့် ဗြိတိန်နိုင်ငံတွင် ထုတ်လုပ်မည်ဖြစ်ကြောင်း ဗြိတိန်သတင်းစာကြီးတစ်စောင်ဖြစ်သော The Telegraph က ဇူလိုင်လ ၂၃ ရက်တွင် ဖော်ပြသည်။

မာကိုဟုအမည်ပေးထားသည့် ယင်းဒုံးကျည်သည် ဘက်စုံသုံးဒုံးကျည်တစ်စင်းဖြစ်ပြီး ၎င်းဒုံးကျည်ကို F-15 တိုက်လေယာဉ်ပေါ်မှ ပစ်ခတ်နိုင်မည်ဖြစ်သည်။ မာကိုဒုံးကျည်သည် အခြားအသံထက်မြန်လက်နက်စနစ်များနှင့်လည်း တွဲဖက်အသုံးပြုနိုင်ကြောင်း လော့ဟိမာတင်ကုမ္ပဏီမှ ဒုံးကျည်နှင့် ပစ်အားထိန်းချုပ်မှုဌာနမှ ဥက္ကဋ္ဌဖြစ်သူ တင်ကာဟေားကပြောသည်။




မာကိုဒုံးကျည်သည် အကွာအဝေးမည်မျှသို့ ပစ်ခတ်ရောက်ရှိနိုင်သည်ကို အသေးစိတ်ဖော်ပြထားခြင်းမရှိသော်လည်း အကယ်၍ ယင်းဒုံးကျည်သည် အသံထက်ငါးဆပိုမိုမြန်ဆန်သည့်အရှိန်ဖြင့် ပျံသန်းမည်ဆိုပါက ၁၈၆ မိုင်အကွာရှိ ပစ်မှတ်ကို သုံးမိနစ်အတွင်းမှာပင် တိုက်ခိုက်ဖျက်ဆီးပစ်နိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ကြောင့် ပြိုင်ဘက်နိုင်ငံများ၏ လေကြောင်းကာကွယ်ရေးစနစ်များအနေဖြင့် ဒုံးကျည်အားထောက်လှမ်းဖော်ထုတ်၍ ကြားဖြတ်ဟန့်တားရန် အချိန်လုံလောက်စေမည်မဟုတ်ပေ။

ယင်းဒုံးကျည်ကို နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၌ ထပ်မံထုတ်လုပ်မည်ဖြစ်သည်။ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်မှစ၍ လာမည့် ၂၀၃၀ ပြည့်နှစ်တိုင် အသံထက်မြန်သည့် ဒုံးကျည်များ ထုတ်လုပ်နိုင်ရေးအတွက် ကုမ္ပဏီပေါင်း ၈၀ ခန့်ပါဝင်သည့် ပူးပေါင်းအဖွဲ့အား အသုံးပြုရန်စီစဉ်ထားသည်။ ထို့ပြင် ဒုံးကျည်ထုတ်လုပ်မှုအား အချိန်မီအကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် လော့ဟိမာတင်ကုမ္ပဏီနှင့် ပူးပေါင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ***Ref: Sputnik***

# မျိုးဆက်သစ်တို့ တိုးတက်ဖို့

ဇော်မျိုး(မြဝတီ)

အနာဂတ်ကမ္ဘာကြီးကို ပညာကသာလျှင် လွှမ်းမိုးကြီးစိုးမည်ဖြစ်၍ လမ်းပျောက်နေသောလူငယ်များအား မိဘဆရာနှင့်ပတ်ဝန်းကျင်တို့က ပြုပြင်ပေးရန်လိုသည်။ ဖူးသစ်စပန်းကလေးများသည် မိမိတို့၏အလှ၊ ရနံ့နှင့် လောကအလှဆင်နိုင်မှုတန်ဖိုးကို နားမလည်နိုင်သေးဘဲ ယောင်လည်လည်နှင့်ဖြစ်နေတတ်သည်။ ဖူးသစ်စပန်းကလေးများသည် နေကလည်း ညှိုးစေနိုင်သည်။ လေကလည်း လွင့်ခြွေနိုင်သည်။ မိုးကလည်းကြွေစေနိုင်သည်။ အရာရာကို စိုးရိမ်နေရသည့်အချိန်တွင် မိဘဆရာဆိုသည့် ဥယျာဉ်မှူးကောင်းများလိုအပ်ပါသည်။ လူငယ်များအနေနှင့် အင်တာနက်ကိုအသုံးချနည်း၌ စိတ်ဝင်စားလာစေရန် ဆွဲဆောင်သင့်သကဲ့သို့ စာပေ၌ မွေ့လျော်တတ်ရန်လည်း စည်းရုံးသင့်ပါသည်။ စာပေသည် ဘဝ၏အဆင်တန်ဆာဖြစ်၍ စာပေ၌မွေ့လျော်ခြင်းဖြင့် ဘဝလမ်းမှန်နှင့်လမ်းမှားကို ခွဲခြားနိုင်မည်။ ပညာခေတ်တွင် စာပေသည်လူငယ်တို့အတွက် စိတ်အာဟာရတို့ ပြည့်ဖြိုးထက်မြက်စေသော အဖိုးတန်ရတနာဖြစ်သည်။



ထို့ကြောင့် အခြေခံပညာကျောင်းများသည် အရေးကြီးသည့်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ကွပ်ကဲမှုအောက် ပညာရေးကျောင်းများနှင့်အခြေခံပညာကျောင်းများ ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည်။

ယနေ့ကျင်းပသည့် ပညာရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာနရှိ အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့်ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်/ပညာရေးကျောင်းများမှကျောင်းအုပ်ကြီးများ/ ခေတ္တကျောင်းအုပ်ကြီးများ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးများမှကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲ၌ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ မေးခွန်းပုံစံ၊ ဖြေဆိုနည်းနှင့် အမှတ်ပေးစည်းမျဉ်းများအား ကျောင်းသား၊ ကျောင်းသူများ ကြိုတင်သိရှိနားလည်သဘောပေါက်စေရေးအတွက် ကျောင်းများတွင် ဘာသာရပ်ကျွမ်းကျင်ဆရာကြီး၊ ဆရာမကြီးများအား ဖိတ်ခေါ်၍ ဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ရေးဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ ပညာရေးဝန်ကြီးဌာန၏ပညာရေးဆိုင်ရာမူဝါဒနှင့် လမ်းညွှန်ချက်များအား သိရှိနားလည်ပြီး မြေပြင်တွင်လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွင့်လှစ်ကျင်းပသော ဆွေးနွေးပွဲများနှင့်သင်တန်းများသို့ ကွပ်ကဲမှုအောက် တပ်/ကျောင်းများမှ ပညာရေးနည်းပြအရာရှိ၊ စစ်သည်များ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာသင်ခန်းအတွင်း အမှန်တကယ်တတ်မြောက်အောင်သင်ကြားပေးပြီး အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ပညာရည်စစ်ဆေးတိုင်းတာခြင်းနှင့်တတ်မြောက်မှုအကဲဖြတ်ခြင်းဆောင်ရွက်နေမှုအခြေအနေ၊ ပညာရေးဝန်ကြီးဌာနမှ ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ယူမှုအခွင့်အလမ်းဆုံးရှုံးမှုမရှိစေရေးစီစဉ်ထားရှိသည့် ကျောင်းပြင်ပပညာရေး မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းတို့၏သင်ကြားသင်ယူမှုဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ထားရှိသည့်အခြေအနေ၊ အခြေခံပညာကျောင်းများတွင် ကျောင်းဝန်ထမ်းများနှင့် ဆရာ၊ ဆရာမ အင်အားလိုအပ်ချက်များအား ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာနယ်မြေဒေသမှ ပညာရေးဝန်ထမ်းအဖြစ် ဆောင်ရွက်လိုသူများအား ယာယီနေ့စားကျောင်းဝန်ထမ်းနှင့် ဆရာ၊ ဆရာမများအဖြစ် အသက်၊ ပညာအရည်အချင်း ကန့်သတ်ချက်များလျှော့ချ၍ အစားထိုးခန့်အပ်ခွင့်ရရှိရေး ခွင့်ပြုပေးနိုင်မည့်အခြေအနေ၊ ပညာရေးဝန်ကြီးဌာန၏ သင်ကြားသင်ယူရေးကဏ္ဍတွင် ခေတ်မီသင်ထောက်ကူစနစ်များ ဖော်ထုတ်အသုံးချရေးအတွက် သင်ကြားရေးစနစ်တွင် အားဖြည့်နိုင်သည့်အချက်များနှင့် ဆရာ၊ ဆရာမများပါ သင်ကြားမှုစွမ်းရည်မြှင့်တင်နိုင်မည့်အခြေအနေ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား ၂၀၂၄ ခုနှစ်ကဲ့သို့ စနစ်ဟောင်း ဒသမတန်းကျ၊ နဝမတန်းအောင်မြင်သူများအနေဖြင့် ပြင်ပတွင်လေ့လာသင်ယူပြီး ဖြေဆိုခွင့်ရှိပါက ကြိုတင်လေ့လာသင်ယူနိုင်ရေးအတွက် ဖြေဆိုခွင့်ရှိ၊ မရှိ အခြေအနေ၊ တွဲဖက်ဝင်ဘာသာရပ်များထဲမှ (စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ)တို့အား သတ်မှတ်ပေးထားသည့် အချိန်များအတိုင်း အလေးထားသင်ကြားပေးပြီး ပင်မဘာသာရပ်များကဲ့သို့ စာမေးပွဲစစ်ဆေးဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ အခြေအနေ၊ ဗလငါးတန်ပြည့်ဝ၍ ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများ မွေးထုတ်ပေးနိုင်သည့် စံပြကျောင်းများဖြစ်စေရေး မိဘ၊ ဆရာ၊ ကျောင်းသားများမှ ကဏ္ဍပေါင်းစုံပါဝင်လိုက်နာလုပ်ဆောင်ရမည့်ကိစ္စရပ်များနှင့် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အခြေခံပညာဦးစီးဌာနတို့မှ ပံ့ပိုးဆောင်ရွက်ပေးနိုင်မှုအခြေအနေ စသည့်ခေါင်းစဉ်များကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အပြန်အလှန်အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ပညာရေးဟုဆိုရာတွင် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာ တက္ကသိုလ်များတွင်လေ့လာဆည်းပူးအပ်သော ပညာရပ်တစ်ခုတည်းကိုသာဆိုလိုခြင်းမဟုတ်ပေ။ ပညာနှင့်ပတ်သက်၍ ရှေးပညာရှိများက ပညာအပြားသုံးပါးရှိကြောင်း သတ်မှတ်ခဲ့သည်။ ထိုပညာအပြားသုံးပါးမှာ သုတမယပညာ- အမြင်အကြားကြောင့် တတ်သောပညာ၊ စိန္တာမယပညာ- ကြံစည်ဆင်ခြင်စဉ်းစား၍တတ်သောပညာ၊ ဘာဝနာမယပညာ- ကျင့်ကြံပွားများအားထုတ်၍ သိသောပညာဟူ၍ဖြစ်သည်။ ထိုပညာရပ်များကို အနှစ်ချုပ်ဆိုရလျှင် ဘက်စုံသိတတ်မှုဆင်ခြင်ကျင့်ကြံတတ်မှုပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးတည်ချက်(၉)ရပ်တွင်ပါရှိသည့်လူမှုရေးဦးတည်ချက်တွင် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး"**ဟူ၍ ဖော်ပြထားသည်။ ပညာနှင့်ပတ်သက်၍ အတွေးအခေါ်အယူအဆ လမ်းမှားမရောက်ရန်လည်း အရေးကြီးလှသည်။ အချို့က ဘွဲ့ဒီဂရီတွေများစွာ ရရှိထားသော်လည်း အတွေးအခေါ်လွဲမှားကာ လမ်းမှားသို့ရောက်သွားသူများရှိသည်။ "သန့်ရှင်းတဲ့နား အကြားများသည်၊ ကြည်လင်တဲ့မျက်စိအမြင်များသည်၊ စင်ကြယ်တဲ့စိတ် အသိများသည်" ဆိုစကားရှိထားပေရာ အမှန်ကိုကြား၊ အမှန်ကိုမြင်၊ အမှန်ကိုသိကြရန်အရေးကြီးလှသည်။

ခေတ်သစ်ပညာရေးသည် လွတ်လပ်ကျယ်ပြန့်သော၊ ပွင့်လင်းသော၊ ဆန်းပြားစုံလင်သော ပညာရေးဖြစ်သည်။ မိသားစုတိုင်း၊ လူ့အဖွဲ့အစည်းတိုင်း၌ ပညာရေးသည် တိုးတက်မှု၏အခြေခံအကြောင်းတရားဖြစ်သည်။ ပညာရေးသည် လူတို့အားဆင်ခြင်တုံတရားနှင့်အညီ စဉ်းစားတတ်အောင်သင်ကြားပေးသည်။ ပညာရေးသည် လူသားဆန်မှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများအပေါ် အခြေခံသည်။ ပညာရေး၌ ပါဝင်သည့်အရာများသည် ခေတ်သစ်လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့်အညီ ရှေ့သို့ရွေ့နေရပြီး ပညာရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်၏ ရည်မှန်းချက်များ၊ စံတန်ဖိုးများနှင့် ဦးစားပေးမှုများကို ဖော်ပြနေသည့် ကြေးမုံပြင်တစ်ရပ်လည်းဖြစ်သည်။

လူငယ်မောင်မယ်တို့ဘဝတွင် ပထမအရေးကြီးသည်မှာ ဗဟုသုတရှိဖို့၊ ဒုတိယမှာ သတိရှိဖို့၊ တတိယမှာ အမှားအမှန်ခွဲခြားသိဖို့၊ စတုတ္ထမှာ ဝီရိယနှင့်အလုပ်လုပ်ဖို့ဖြစ်သည်။ ထိုလေးချက်အတွက် အခြေခံအကျဆုံးမှာ ပညာပင်ဖြစ်သည်။ မျက်မှောက်ကာလ ၂၁ ရာစုခေတ်သည် ပညာခေတ်ဖြစ်သည်။ ခေတ်ကာလအလျောက် ပညာသည်သာ အကွာရာဖြစ်၍ ပညာနောက်သို့ သဲသဲမဲမဲလိုက်ကြပြီး ရှာမှီးလေ့လာသင်ယူနေကြသည်ကို နိုင်ငံတကာ၌တွေ့ရှိရသည်။ ပညာ၏အရေးကြီးပုံကို **"ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာ အသက် ဘဝတစ်သက်"**ဟူ၍ တင်စားထားသည်ကိုသိရှိရသည်။ လောကကြီးပွားရေး၊ လူတစ်ဦးချင်းကြီးပွားရေးမှာ ပညာသာအဓိကဖြစ်သည်။ မြန်မာနိုင်ငံတွင် အတန်းပညာနှင့်ပတ်သက်၍ နိုင်ငံ့လူဦးရေ၏ထက်ဝက်ကျော်ခန့်မှာ အခြေခံပညာအလယ်တန်းအောက်၌သာရှိနေကြောင်း လေ့လာသိရှိရသည်။ ပညာရေးအားနည်းသည့်အခါ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှုမှာလည်း အားနည်းပြီး လူမှုစီးပွားဘဝများလည်း ခက်ခဲနိမ့်ကျမည်သာဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူငယ်မောင်မယ်တို့ဘဝတွင် ပညာရေးအခြေခံနည်းပါးခြင်း၊ အတွေးအခေါ်လွဲမှားခြင်းမျိုးမဖြစ်ပေါ်စေရေးအတွက် ပညာရေးကဏ္ဍကို အထူးအလေးထားလုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ လူနေမှုစနစ်မြှင့်တင်ရန်အတွက် စီးပွားရေးကောင်းရမည်။ စီးပွားရေးကောင်းရန်အတွက် အတန်းပညာ၊ အတတ်ပညာများရှိနေရမည်။ ထို့ကြောင့် အတန်းပညာနှင့်ပတ်သက်လျှင် အနည်းဆုံး KG+9 အထိ သင်ယူတတ်မြောက်ကြရမည်။ ထိုမှတစ်ဆင့် စက်မှုစိုက်ပျိုးမွေးမြူရေးကျောင်းများသို့ ဆက်လက်တက်နိုင်သည်။ ထိုသို့တက်နိုင်ရန်အတွက် မြို့နယ်အလိုက် ကျောင်းပေါင်း ၈၅ ကျောင်းဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်သည်။

ကမ္ဘာ့နိုင်ငံများကြားတွင်လည်း ပြိုင်ဆိုင်မှုများ၊ စိန်ခေါ်မှုများက ပို၍မြင့်မားလာသည်နှင့်အမျှ နိုင်ငံအသီးသီးသည် ပညာခေတ်နှင့်လိုက်လျောညီထွေ လိုက်ပါစီးမျောနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာ့လူ့အဖွဲ့အစည်းသည်လည်း ပညာကိုဦးထိပ်ပန်ဆင် ရှေ့တန်းတင်လေ့ရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်း၌ ရှေးအစဉ်အဆက်ကတည်းက ပညာရှာရမည့်ပထမအရွယ်ကို ငယ်စဉ်ကာလမှ အသက် ၂၅ နှစ်အထိ ပိုင်းခြားသတ်မှတ်ထားသည်။

စာမျက်နှာ ၂၅ သို့ ➢

➢ စာမျက်နှာ ၂၄ မှအဆက်

ပထမအရွယ်သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအရ ပညာရေးဆိုင်ရာများကို လေ့လာကြရမည့် အချိန်ပိုင်းဖြစ်သည်ဟုဆိုသည်။ ပညာသင်ယူသည့်အခါတွင်လည်း အတိုကောက်အားဖြင့် **"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ"** ဟူ၍မှတ်သားပြီး ကြားနာခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးသားခြင်း၊ လေ့ကျင့်ခြင်း၊ နှုတ်ငုံဆောင်ခြင်းဟူသည့် ပညာပွားရာသော အကြောင်းတရားရှစ်ပါးကို ရှေးအစဉ်အဆက်ကတည်းက လမ်းညွှန်မှုပြုခဲ့သည်။

လူငယ်မောင်မယ်တို့အနေဖြင့် မိမိတို့၏ပညာကိုအခြေခံ၍ဆင်ခြင်တုံတရား၊ အမှား၊ အမှန်ကို ခွဲခြားနိုင်စွမ်းရှိသည့် ဉာဏ်ပညာပြည့်ဝနေရန် လိုအပ်လှပေသည်။ လက်ရှိကာလတွင် လူငယ်မောင်မယ်တို့အတွက် အကြီးမားဆုံးအန္တရာယ်မှာ လွဲမှားသောအတွေးအမြင်များ သွတ်သွင်းခံရခြင်းဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဆိုသည်မှာ နိုင်ငံတော်အတွက် အားထားရမည့် တက်လူများဖြစ်သည်။ စာသင်ကျောင်းများသည် ကျောင်းသား၊ ကျောင်းသူများ၏ ဘဝခရီးလမ်းတိုးတက်ဖြောင့်တန်းရေးအတွက် သွန်သင်ဆုံးမနည်းလမ်းပြရာနေရာကောင်းများဖြစ်သည်။ ထို့ကြောင့် ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ "မျိုးဆက်သစ်တို့ တိုးတက်ဖို့" ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နေပြည်တော် ဇူလိုင် ၂၅

# ရေကြီးမှုအခြေအနေ

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲကျော်ခန့် (၅၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၇၀ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ ၄ ပေကျော်ခန့် (၁၂၅ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ ၃ ပေခွဲကျော်ခန့် (၁၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ ၄ ပေခွဲကျော်ခန့် (၁၄၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲခန့် (၄၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ၁ ပေကျော်ခန့် (၃၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၂ ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၃၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ) အထက်သို့ ၁ လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ(၁၀၂၂ စင်တီမီတာ)အောက် ၁ ပေကျော်ခန့် (၃၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

**သောင်ရင်းမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့ ၁ လက်မခန့်(၃ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ ပေခန့်မြင့်တက်လာနိုင်လာပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အောက် ၁ ပေခွဲခန့် (၄၃ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ ဘီးလင်းမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့၊ ငါးသိုင်းချောင်းမြို့၊ မြဝတီမြို့နှင့်ပဲခူးမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

(မိုး/ဇလ)

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၃၀ | ၂၇၁၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၁၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | ၂၈၂၀ | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၄၅ | ၂၇၃၅ | ၂၇၄၅ | ၃၁၅၅ | ၄၀၅၀ |
| 95 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၄၀ | ၂၉၇၀ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၆၅ | ၃၂၇၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၃၆၅ | ၂၄၄၅ | ၂၄၂၀ | ၂၃၇၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၇၀ | ၂၄၂၅ | ၂၅၅၅ | ၂၅၈၅ | ၂၄၃၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၈၉၀ | ၄၀၅၀ |
| HSD (50 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |
| HSD (10 ppm) | ၂၇၇၀ | ၂၈၅၀ | ၂၈၃၀ | ၂၇၈၀ | ၂၈၅၀ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၈၅ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၅ | ၄၀၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၈၇ | ၂၅၇၀ |
| 95 Ron | ၂၆၀၃ | ၂၆၈၉ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၆၂၄ | ၂၇၀၆ |
| HSD (10 ppm) | ၂၆၂၄ | ၂၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**

**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော် ဇူလိုင် ၂၅

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဂျပန်-မြန်မာ-အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်းတို့ပူးပေါင်း၍ "လူငယ်နှင့်ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကျင်းပ




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဂျပန်-မြန်မာ-အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း (JMASVTI)တို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့်ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်နှင့်ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဂျပန်-မြန်မာ-အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း(JMASVTI) ကျောင်းအုပ်ကြီး ဒေါက်တာရန်နိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါစကားဝိုင်းတွင် ကော်မရှင်အဖွဲ့ဝင်က ကျောင်းသားလူငယ်များအနေဖြင့် အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့်အခြေခံစဉ်းစားတွေးခေါ်မှုများ မှန်ကန်စေရန်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ တက္ကသိုလ်/ကောလိပ်များတွင် ယခုကဲ့သို့ လူငယ်စကားဝိုင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် "လူငယ်နှင့်ကျင့်ဝတ်စံနှုန်းများ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဂျပန်-မြန်မာ-အောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (JMASVTI)မှ ကျောင်းသား၊ ကျောင်းသူများက ၎င်းတို့သိရှိလိုသည်များကိုမေးမြန်းကြပြီး ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

နေပြည်တော် ဇူလိုင် ၂၅

## ပြင်ဦးလွင်မြို့နယ် ညောင်ပေါကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ရုံးသို့ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အကြောင်းအမျိုးမျိုးကြောင့် လာရောက်တွဲဖက်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် မိသားစုများ၏ အခက်အခဲများကို ဝိုင်းဝန်းကူညီဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားပြီး ဦးစီးဌာနအလိုက် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းတစ်ဦးချင်းနှင့် ဌာနအလိုက် အခက်အခဲများကိုမေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ပေပင်ကျေးရွာအုပ်စု ညောင်ပေါကျေးရွာသို့ရောက်ရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သော ရွာတွင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်း၊ ကုန်ထုတ်လမ်း (၂)မိုင်ဖောက်လုပ်ပေးခြင်းလုပ်ငန်း၊ ရေထွက်ရေတားတမံ ပြုလုပ်ပေးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကာ ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်သော ရာသီပန်းများ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ စျေးနှုန်းမှန်ကန်စွာ ဝယ်ယူသုံးစွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ညောင်ပေါကျေးရွာ ရေထွက်ရေတားတမံပြုလုပ်ပေးခြင်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၅

## အမျိုးသားယဉ်ကျေးမှုကိုထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်" တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းနှင့် အမျိုးသား၊ အမျိုးသမီးများအား ညစ်ညမ်းမေးခွန်းများကိုလိုက်လံမေးမြန်း၍ လူမှုကွန်ရက်စာမျက်နှာများ၌ ထုတ်လွှင့်ပြသသူ Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူတို့အား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်းအတူတကွ နားထောင်ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော ရိုက်ကူးထုတ်လွှင့်ပြသမှုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဆောင်ရွက်နေကြသည်ကို တွေ့ရှိပါသဖြင့် လူမှုကွန်ရက်စာမျက်နှာများ အပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်းသောအပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်" တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းကို ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ထို့ပြင် လိင်ဆက်ဆံမှုဆိုင်ရာ ညစ်ညမ်းမေးခွန်းများကို အမျိုးသား၊ အမျိုးသမီးများအားလိုက်လံမေးမြန်း၍ အီလက်ထရောနစ်ဆက်သွယ်ရေးနည်းပညာ အသုံးပြုကာ လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူများကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)ဖြင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့မရဲစခန်း၌ သက်ဆိုင်ရာက အမှုဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

သို့ပါ၍ ရုပ်ရှင်နှင့်ဗီဒီယိုကားများ၊ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများမပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

⏭| ကျောဖုံးမှအဆက်

၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်**(ယနေ့)** ညနေ ၃ နာရီတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံး (အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပေါင်းလောင်းအားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကချင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**

## မိုးလေဝသ သတင်း



နေပြည်တော် ဇူလိုင် ၂၅

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးတက်ရောက်ရန် ဘင်းမ်စတက် လုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့်အဖွဲ့ဝင်များ နေပြည်တော်သို့ရောက်ရှိ








မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး (4th BIM-STEC National Security Chiefs' Meeting) သို့တက်ရောက်ရန် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

နေပြည်တော်သို့ ရောက်ရှိလာကြသော အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ Ms. Kanyarat Angkanavisalya တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။

ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အကြီးအကဲများသည် ဇူလိုင်လ ၂၄ ရက်က ရန်ကုန်မြို့သို့ရောက်ရှိခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့အတူ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်မည့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် ဘင်းမ်စတက် လုံခြုံရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများသည် ဇူလိုင်လ ၂၂ ရက်နှင့် ဇူလိုင်လ ၂၃ ရက်တို့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)




## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | **Sodium Hypochlorite (NaOCL) Solution** | **495 m³** |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၇-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂-၈-၂၀၂၄ ရက်နေ့(၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် ပစ္စည်းအဟောင်းအပျက်(၆၁)မျိုးအား ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | လေလံအမှတ် | တည်နေရာ | Lot No |
|---|---|---|---|
| ၁။ | ၀၃/မမ/လေလံ (၂၀၂၄-၂၀၂၅) | ထောက်ပံ့ဌာန (ဗိုလ်တထောင်) | Lot (1) |

လေလံပိတ်မည့်နေ့/အချိန်-(၁၂-၈-၂၀၂၄)(တနင်္လာနေ့) မွန်းတည့်(၁၂:၀၀)နာရီ

၂။ လေလံပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၆-၇-၂၀၂၄)ရက်နေ့မှ (၈-၈-၂၀၂၄)ရက်နေ့ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၉၁၉၉၁၊ ၀၁-၂၉၁၉၉၄**

### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ နဝဒေးလမ်းနေ ခိုင်ခိုင်ဝေ(ဘ)ဦးအောင်ခင် ၁၄/ဟသတ(နိုင်)၀၄၇၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 495171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၉၂၂၄၆၁၀**

### ပျောက်ဆုံးကြောင်း
ကန်ကြီးထောင့်မြို့၊ ကျုံကြီးအုပ်စု၊ ညောင်ချောင်းရွာနေ မျိုးဇော်ထက်(ဘ)ဦးမောင်သိန်း ၁၄/ကကထ(နိုင်)၁၅၃၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 507660)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၆၇၉၂၇၉၀**

### အမည်မှန်
အ. ထ. က(၂)ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-10မှ မစုမြတ်နိုး၏ဖခင် ဦးကျော်မင်း၏အမည်မှန်မှာ ဦးကြည်ရွှင် ၁၄/ပသရ(နိုင်)၁၁၇၀၂၀ ဖြစ်ပါကြောင်း။
**ဦးကြည်ရွှင်**

### အမည်မှန်
အ. ထ. က(၂)ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-10 မှ မဇာခြည်ဖြိုး၏ဖခင် ဦးချစ်ရွှေ၏အမည်မှန်မှာ ဦးချစ်ဆွေ ၁၄/ ပသန(နိုင်)၂၄၁၅၉၃ ဖြစ်ပါကြောင်း။
**ဦးချစ်ဆွေ**

### မွေးသက္ကရာဇ်အမှန်
အ. ထ. က(၂)ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-11မှ ဦးကျော်ဇေယျာဝင်း၏သား မောင်ရဲမာန်အောင်၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၄-၂၀၀၈ ဖြစ်ပါကြောင်း။
**၁၂-၄-၂၀၀၈**

### ပျောက်ဆုံးကြောင်း
ကြူကြူဆွေ(ဘ)ဦးချက်ဖေါင်း ၉/နထက(နိုင်)၂၀၆၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 501883)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ငုဝါလင်း(ဘ)ဦးရဲလင်း ၉/နထက (နိုင်)၂၁၄၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 501872)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်နေ ညီညီအောင်(ဘ)ဦးသန်း ၁၂/တမန(နိုင်)၁၀၈၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 627789)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၂၆၀၆၁**

### ပျောက်ဆုံးကြောင်း
လှိုင်းထက်မွန်(ဘ)ဦးစိုးခိုင် ၅/ခဥန(နိုင်)၁၅၈၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 498450)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၁၀၂၈၂၇၉**

### ပျောက်ဆုံးကြောင်း
မျိုးကျော်(ဘ)ဦးမြအေး ၁၂/သခန(နိုင်)၀၃၁၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၆၀၂၇၁၆**

### ပျောက်ဆုံးကြောင်း
အောင်မျိုးထွန်း(ဘ)ဦးစိုးခိုင် ၅/ခဥန (နိုင်)၁၆၆၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 251127)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၃၂၀၇၀၅၃**

### ပျောက်ဆုံးကြောင်း
အာကာဝင်း(ဘ)ဦးခင်မောင်သန်း ၉/မခန(နိုင်)၃၀၀၆၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 996713)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကျင်စိန်(ဘ)ဦးချောင်ကြူ ၁၂/လမတ(နိုင်)၀၁၈၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(116753)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၇၂၃၁၃**

### ပျောက်ဆုံးကြောင်း
အောင်တင်(ဘ)ဦးသာအေး ၁၂/လမန(နိုင်)၀၉၆၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 637712)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၆၄၇၉၇၂၂**

### ပျောက်ဆုံးကြောင်း
နေလင်း(ဘ)ဦးသာခ၏သား၊ မှတ်ပုံတင်အမှတ် ၈/သရန(နိုင်)၀၈၈၃၉၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MB 322206)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၂၆၀၂၉၅၃**

### ဖခင်အမည်မှန်
မကွေးမြို့၊ အောင်ပွဲစံကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း Grade-12 မှ မမေသော်တာ၏ဖခင်အမည်မှန်မှာ ဦးခင်ဝေ ၈/ပဖန(နိုင်)၁၂၁၆၂၉ ဖြစ်ပါကြောင်း။
**ဦးခင်ဝေ**

### ပျောက်ဆုံးကြောင်း
လွင်လွင်အေး(ဘ)ဦးထွန်းမွေး ၇/လပတ(နိုင်)၁၆၀၆၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မင်းခန့်နိုင်(ဘ)ဦးထွန်းလှစိန် ၁၁/စတန(နိုင်)၁၁၆၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
အောင်ခန့်သူ(ဘ)ဦးကျော်ကျော် ၁၂/လမတ(နိုင်)၀၃၉၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 419197) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မစန်းဝင်း(ဘ)ဦးဝိုင်း ၈/ရနခ(နိုင်)၀၆၄၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၀၄၁၂၃၂**

### ပျောက်ဆုံးကြောင်း
မငယ်စိုး(ဘ)ဦးမောင်ချို ၁၀/ပမန(နိုင်)၂၂၆၆၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၄၀၀၇၀၈**

### ပျောက်ဆုံးကြောင်း
နော်ပစောဖေါ(ဘ)စောဘာလုငေး ၁၄/ပပတ(နိုင်)၂၆၉၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 481875)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၉၈၀၆၄၁၂၈**

**ပညာဘဏ်တိုက်စာကြည့်တိုက်**



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
The Best Quality Tyre
TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
CAR TYRE
CYCLE TYRE




ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
VEGA
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/အလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

နေပြည်တော် ဇူလိုင် ၂၅

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၂၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Bed Sheet Material အခု (၅၀)(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lactasoy ပဲနို့ဘူး (၄၂၀၀) အပါအဝင် ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် King Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၂၄ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ တာချီလိတ်မြို့မှ စစ်ကိုင်းမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Coconut Fiber အုန်းဆံချပ်ကီလိုဂရမ်(၆၀၀)၊ Swivel Office Chair (၅)လုံး အပါအဝင် ကုန်ပစ္စည်း (၅၅)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၈၃၀၃၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီးနှင့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၈၃၀၃၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ **ဇူလိုင်လ ၂၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Super Custom မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇူလိုင်လ ၂၄ ရက်**တွင် ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဂျပန်နိုင်ငံထုတ် စက်ဘီး (Used) အစီး (၃၈၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဇူလိုင်လ ၂၅ ရက်**တွင် ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၆၂၃) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈၇၆၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၀၈၇၆၈)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၇၉၁၇၉၈)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၂၅

# ကျိုက်ထိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ ၆ ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ၅ ဦးကိုလည်း ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများဖြန့်ဝေ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ကျောက်တန်းကလေးကျေးရွာအနီးတွင် ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပျဉ်းကတိုးကုန်းကျေးရွာမှ ပြည်သူ ၆ ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပိန္နဲကုန်းကျေးရွာမှ ပြည်သူ ၅ ဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားထားသည်ကိုတွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင်လ ၂၃ ရက် နံနက်ပိုင်းတွင် ကျောက်တန်းကလေးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၈၀၀ ခန့် အကွာသို့ရောက်ရှိစဉ် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာအနီးတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခဲ့ရာ တရားမဝင်သယံဇာတများတူးဖော်ရာတွင် အသုံးပြုမည့် ဘက်ဟိုးယာဉ် ၁ စီးအား သိမ်းဆည်းရမိခဲ့ကြောင်း၊ ထိုသို့တိုက်ပွဲဖြစ်ပွားမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ပြည်သူများကို ဖမ်းဆီးခြင်းများလည်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရသိရှိရသည်။




အဆိုပါ အကြမ်းဖက်သမားများသည် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေးအတွက် ပြည်သူများထံမှ အတင်းအဓမ္မငွေကြေးတောင်းခံခြင်း၊ မူးယစ်ဆေးဝါးများရောင်းချခြင်းနှင့်သဘာဝသယံဇာတများကို တရားမဝင်တူးဖော်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ဥပဒေမဲ့လုပ်ရပ်များကိုဖုံးကွယ်ရန်အတွက် သတင်းတု၊ သတင်းအမှားများဖြင့် အများပြည်သူကို ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

နေပြည်တော် ဇူလိုင် ၂၅

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Shine Htet Phyo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်နေ သန့်ဇင်မျိုးအား ညနေ ၃ နာရီခွဲတွင် ကျည်တောင်ကန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(၁၀၀)**

နေပြည်တော်    ဇူလိုင်    ၂၅

## ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်လှစ်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ ကျင်းပသည်။



အဆိုပါသင်တန်းဖွင့်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက်ရောက်ဖွင့်လှစ်ပေးပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ဒိုင်လူကြီးတာဝန်ထမ်းဆောင်မည့်သူများ အရည်အချင်းပြည့်မီစွာတာဝန်ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဒိုင်လူကြီးသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းကို ဇူလိုင်လ ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်စံချိန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးစံချိန်များတွင် စံချိန်သစ်တင်နိုင်ခဲ့သည့် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(Youth Camp)တို့မှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက ပြိုင်ပွဲများတွင် စံချိန်သစ်တင်နိုင်အောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၀)**

---

သာယာဝတီ    ဇူလိုင်    ၂၅

## သာယာဝတီခရိုင်အတွင်း ရေဘေးဖြစ်ပွားသည့်နေရာများအား သွားရောက်ကူညီထောက်ပံ့

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် သာယာဝတီခရိုင်အတွင်း ဧရာဝတီမြစ်ရေလျှံမှု၊ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြစ်မခ မြစ်ရေကြီးမှုတို့ကြောင့် သာယာဝတီခရိုင်အတွင်း ရေဘေးဖြစ်ပွားသည့်နေရာများအား လိုအပ်သည်များ သွားရောက်ကူညီထောက်ပံ့ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ဖိုးကတိုး-ကညင်အောတာနှင့် လက်ပံတန်း-သာရဝေါ မဟာဗျူဟာလမ်း မိုင်တိုင်အမှတ်(၅/၁)နှင့် (၅/၂)ကြား ရေကျော်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းရေကျော်သည့်နေရာများတွင် ရေလမ်းကြောင်း လမ်းညွှန်အမှတ်အသားများနှင့် လမ်းပြများထားရှိရန်၊ ရေပြန်လည်ကျဆင်းသွားပါက ချက်ချင်းပြန်လည်ပြုပြင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် ထန်းပင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အခြားစားသုံးကုန်များအားလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေဘေးသင့်ဦးရေ ၉၆ ဦးအတွက် 



ဆန်ရိက္ခာဖိုး တစ်ပတ်စာအတွက် ငွေကျပ် ၂၀၁၆၀၀ ကျပ်၊ နေအိမ်ကြိုတင်ပြောင်းရွှေ့စရိတ် ၄၂၇၃၀၀ ကျပ်နှင့် ရေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းတို့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သုံးဆယ်-ဖိုးခေါင်-စံရွှေလမ်းပေါ်ရှိ တံတားအမှတ် (၁/၆)၊ (၁/၇)၊ (၂/၇)နှင့် (၃/၇)တို့တွင် မြစ်မခ မြစ်ရေကြီးမှုကြောင့် ရေတိုက်စားကာ တံတားကမ်းကပ်ခုံများ ထိခိုက်မှုမရှိစေရေး ကွင်းဆင်းကြည့်ရှုခဲ့ပြီး မြေနိမ့်ဒေသဖြစ်ခြင်း၊ ရေဝပ်ဧရိယာများပြားခြင်းနှင့် ရေစုဝင်ရောက်မှုအရှိန် များပြားခြင်းတို့ကြောင့် တံတားကမ်းကပ်ခုံများ ထိခိုက်မှုမရှိစေရေး တုပ်ရိုက်ခြင်း၊ သဲအိပ်ကာခြင်းများဆောင်ရွက်ရေး ဖြည့်ဆည်းပေးခဲ့ပြီး ရေထွက်ပေါက်လမ်းကြောင်းများ ထပ်မံဆောင်ရွက်ပေးနိုင်ရေးတင်ပြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

---

ရန်ကုန်    ဇူလိုင်    ၂၅

## အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေးသင်တန်းတက်ရောက်နေသည့် သင်တန်းသား၊ သင်တန်းသူများနှင့် ဒုတိယဝန်ကြီး ဦးဇင်မင်းထက် တွေ့ဆုံအမှာစကားပြောကြား



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေးသင်တန်းတက်ရောက်နေသည့် သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လူငယ်များအား အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာကြံ့ခိုင်ရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားနှင့်ပညာရေးကို ပေါင်းစပ်သင်ကြားပေးခြင်းဖြင့် ကျောင်းသားလူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားပြီး ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမျိုးသား၊ အမျိုးသမီး လေးထပ်အိပ်ဆောင်၊ စားရိပ်သာ၊ လေ့ကျင့်ရေးကွင်း(၁)ရှိ ပြေးခုန်ပစ်ပြေးလမ်း၊ ဝူရှူးအားကစားရုံနှင့် ဘော်လီဘောအားကစားရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၀)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၂၅-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
| --- | --- | --- |
| ၉၄၀၆။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ချိုချိုမိသားစုကောင်းမှု | ၅၅၀၀၀၀ |
| ၉၄၀၇။ | ဦးနိုင်စောလွင်နှင့်ဇနီး ဒေါ်ခင်အေးမော် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၀၈။ | ဦးစိုးမိုးနိုင်နှင့်ဇနီး ဒေါ်ရီရီစန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၀၉။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်ညွန့်ညွန့်သောင်း၊ (သား)မောင်ဉာဏ်လင်းအောင်၊ မောင်ထက်လင်းအောင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၄၁၀။ | ဒေါ်နီနီအေးမိသားစုကောင်းမှု | ၁၁၁၁၀၀ |
| ၉၄၁၁။ | မဆုရည်လှိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၂။ | ကွယ်လွန်သူဦးသန်းထွန်းအားရည်စူး၍ ဒေါ်လှမြင့်၊ သား/ မြေးတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၃။ | ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၄။ | ကိုနေလင်းထွန်းနှင့်ဇနီး မစိုးစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၅။ | ကိုဟိန်းဇော်နှင့်ဇနီး မနီနီရွှေ (သား)မောင်အေးချမ်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၆။ | ကွယ်လွန်သူဦးအောင်သိန်းနှင့် ဒေါ်ခင်ကြွယ်ဦး၊ ဦးမောင်မောင်လွင်တို့အားရည်စူး၍ ဦးချစ်ကိုနှင့်ဇနီး ဒေါ်ဥမ္မာ၊ (သား)မောင်ဖြိုးဇင်ကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၇။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ခင်စန်းမွန်၊ (သမီး)မဝေမွန်အောင်မြင့်၊ (သား)မောင်ရန်နိုင်အောင်မြင့်၊ (မြေး)မသီရိဝေမွန်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၈။ | ကိုမင်းမင်းလတ်နှင့်ဇနီး ဒေါ်သီသီဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၉။ | ဦးမောင်ဦးနှင့်ဇနီး ဒေါ်တင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၀။ | ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်တင်တင်လွင်၊ ဒေါက်တာခြူးမျက်ချယ်၊ မယွန်းမျက်သွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၁။ | ကွယ်လွန်သူဦးမြင့်သိန်းအားရည်စူး၍ ဒေါ်စန်းစန်းဝင်းနှင့် သား/ သမီး/မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၂။ | ကွယ်လွန်သူဦးဝင်းမောင်နှင့် ဒေါ်မြင့်မြင့်သိန်းတို့အား ရည်စူး၍ မဥမ္မာမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၃။ | ဗိုလ်မှူးကြီးမြတ်ကိုဝင်းနှင့်ဇနီး ဒေါ်ဝင့်ဝါဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၄။ | ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၅။ | ဦးနေမျိုးဝင်းနှင့် ဦးသော်ဇင်ဦးမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၄၂၆။ | ဒေါ်ခင်ခင်အေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၇။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ဌေးဌေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၈။ | ဦးကွမ်းခေးနှင့်ဇနီး ဒေါ်ကျူမိန်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၉။ | ဗိုလ်ကြီးညိမ်းဝေထွန်းနှင့်ဇနီး ဒေါ်နေခြည်ထွေး၊ (သား)မောင်လင်းသန့်ထွန်း၊ မောင်မင်းခန့်ကို မိသားစုကောင်းမှု | ၅၆၀၀၀ |
| ၉၄၃၀။ | ကွယ်လွန်သူဦးစန်းမောင်နှင့်ဇနီး ဒေါ်ဝင်းရီတို့အား ရည်စူး၍ ကိုကျော်သီဟနှင့်ဇနီး မခိုင်သဇင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၁။ | ဦးကြီးမြင့်နှင့်ဇနီး ဒေါ်စိန်စိန်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၂။ | ဦးသောင်းစိုးနှင့်ဇနီး ဒေါ်လှဝင်းတင့်၊ (သမီး)မမြတ်သိင်္ဂီစံ၊ မနှင်းယုယုစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၃။ | ကွယ်လွန်သူဖခင်ကြီးဦးသိန်းရွှေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၄။ | ကိုနေထက်လင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၅။ | ဦးကြည်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးစိန်မြအောင် နှင့်ဇနီး ဒေါ်လှလှဝင်း၊ သား/သမီးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၇။ | ဒေါ်တင်ကြီးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၈။ | ဦးတင်ကြိုင်၊ ဒေါ်ခင်မြိုင်၊ (မြေး)မောင်ခန့်ထက်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၉။ | ကိုဇော်လှိုင်ဦးနှင့်ဇနီး ဒေါ်မာမာစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၀။ | ဦးညွန့်ဝင်းနှင့်ဇနီး ဒေါ်စောမွန်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၁။ | ဦးသူရအောင်နှင့်ဇနီး ဒေါ်ရည်မင်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၂။ | ဗိုလ်ချုပ်ကျော်ရွှေထွန်းနှင့်ဇနီး ဒေါ်ဥမ္မာဝင်း၊ (သား)မောင်ဆက်မြတ်ထွန်း၊ (သမီး)မဖြူသီရိကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၃။ | ဆရာလေးဒေါ်ပုည မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၄။ | ဦးတင်အေးနှင့်ဇနီး ဒေါ်မြရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၅။ | ကိုအာကာမင်းနှင့်ဇနီး မနန်းမြလေးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၆။ | မနီလာလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၇။ | မသင်းသင်းအေး(ခ)မကြည်ကြည်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၈။ | ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်ကျော့ကျော့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၉။ | ဦးဝင်းကျော်နှင့်ဇနီး ဒေါ်အေးအေးဝင်း၊ (သား)မောင်ဝန်းရုံလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၀။ | ဦးအောင်ကိုဝင်းကြည်နှင့်ဇနီး ဒေါက်တာခင်နွယ်ကြည်၊ (သား)မောင်ကြည်အုန်းထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၁။ | ကွယ်လွန်သူဦးသောင်းငြိမ်းအားရည်စူး၍ ဒေါ်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၂။ | ဦးဆက်ပိုင်ထွန်းနှင့်ဇနီး ဒေါ်ပိုးအိအိအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၃။ | ကွယ်လွန်သူဒေါ်နန်းသန်းစိန်အားရည်စူး၍ ဦးလှအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၄။ | ဦးမျိုးဇော်သိန်း၊ ဦးရန်မျိုးနိုင်၊ ဦးအောင်မင်းနှင့် ဦးအံ့ပေါ်ဦးကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၅။ | ဦးမြင့်သိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၆။ | ကွယ်လွန်သူဒုတိယအရာခံဗိုလ်တိုင်းကျော်(ငြိမ်း)နှင့် မောင်နေဝင်းကျော်တို့အားရည်စူး၍ ဒေါ်လှသန်း၊ (သား)မောင်အောင်ဆန်းကျော်ကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၇။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒေါ်ဆွေဆွေမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၈။ | ဦးထွန်းလင်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၉။ | ကွယ်လွန်သူဦးလှသိန်းအားရည်စူး၍ ဒေါ်ခင်ပြုံးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(၉၇၈)နေ၊ ဒေါ်သက်သက်ထွန်း (၁၃/ကတန(နိုင်)၁၁၁၆၀၁) ကိုင်ဆောင်သူမှ (အလျား ၃၃'-၀"× အနံ ၃၀'-၀")Steel Structure (၂)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

ပြည်မြို့၊ ပေါင်းတလည်တောင်ပိုင်း မောင်ကြည်ရွှေဟန်(ဘ)ဦးတွယ်ဆောင် (ခ)ဦးစံရွှေ ၇/ပမန(နိုင်)၁၈၆၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၄၃၄၂၃၇၈၇**

### ပျောက်ဆုံးကြောင်း

အုတ်တွင်းမြို့၊ တင်းကုတ်ဟန်းရွာနေ နွဲ့နွဲ့ဝင်း(ဘ)ဦးလှသန်း ၇/အတန(နိုင်)၁၂၂၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 618634)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၂၆၄၃**

### ပျောက်ဆုံးကြောင်း

လှည်းကူးမြို့နယ်၊ အင်းတိုင်နေ သက်နိုင်ဦး(ဘ)ဦးစိုးမြင့်နိုင် ၅/မရန(နိုင်)၂၁၉၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 331558) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ နဝဒေးလမ်းနေ ဇော်မောင်မောင်ထွန်း(ဘ)ဦးသိန်းထွန်း ၁၀/သထန(နိုင်)၀၇၀၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 495173)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ က အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၂၂၄၆၀၀**

❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ အနေဖြင့် ဖက်ဒရယ်ဟူသည့် စကားရပ်ကို သိရှိရန်လိုပြီး ဖက်ဒရယ်ဟူသည်မှာ လုပ်ပိုင်ခွင့်များကို တာဝန်ခွဲဝေပေးခြင်း ဖြစ်ပြီး ပေါင်းစည်းခြင်း၊ သဟဇာတ ဖြစ်ခြင်းပင်ဖြစ်. . .

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

## ရခိုင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဂိုးမရှိသရေကျ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရ

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီတွင် ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးအားကစားကွင်းတို့၌ ကျင်းပသည်။

ယနေ့အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ပေါင်းလောင်းအားကစားကွင်း၌ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်စလုံး ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း၊ လယ်ဝေးအားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို စာမျက်နှာ ၂၆ ကော်လံ ၁ ▶▶|



ရခိုင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ဆောင်းပါး

**မျိုးဆက်သစ်တို့ တိုးတက်ဖို့**

စာ - ၂၄ သို့

**၂၅-၇-၂၀၂၄ မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | | | | |
|---|---|---|---|---|
| ကျိုက်မရော | ၁၁ | ဒသမ | ၁၀ | လက်မ |
| ကြာအင်းဆိပ်ကြီး | ၁၀ | ဒသမ | ၀၆ | လက်မ |
| မုဒုံ | ၉ | ဒသမ | ၃၇ | လက်မ |
| ရွှေကျင် | ၈ | ဒသမ | ၁၅ | လက်မ |
| မဒေါက် | ၈ | ဒသမ | ၀၇ | လက်မ |
| ချောင်းဆုံ | ၈ | ဒသမ | ၀၇ | လက်မ |
| ကျိုက္ခမီ | ၈ | ဒသမ | ၀၇ | လက်မ |
| ပေါင် | ၆ | ဒသမ | ၉၇ | လက်မ |
| မော်လမြိုင် | ၆ | ဒသမ | ၄၆ | လက်မ |
| လှိုင်းဘွဲ့ | ၆ | ဒသမ | ၃၀ | လက်မ |
| ရှမ်းရွာသစ် | ၆ | ဒသမ | ၃၀ | လက်မ |
| ကျောက်ဖြူ | ၅ | ဒသမ | ၉၈ | လက်မ |

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


